မြန်မာ့အလင်း
အတွဲ (၅၄)
အမှတ် (၃၄)
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ တနင်္လာနေ့။

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။
မကောင်းသဖြင့် မကျင့်ရာ၊
သူတော်ကောင်းတရားကို ကျင့်သောသူသည်
ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌
လည်းကောင်း ချမ်းသာစွာနေရ၏။
ဓမ္မပဒ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းဝတ်မှုန်ကူးပွဲတော် ကြည့်ရှုအားပေး

**နေပြည်တော်  နိုဝင်ဘာ  ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်စက်မှုလယ်ယာ ဧက ၃၀၀၀ စံပြစိုက်ကွင်း၌ ပြုလုပ်သည့်တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါးဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်း ဝတ်မှုန်ကူးပွဲတော်ကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဆင့်မြင့်စက်မှုလယ်ယာ ဧက ၃၀၀၀ စံပြစိုက်ကွင်းမှ ဝန်ထမ်းများအား ဂုဏ်ပြုဝတ်စုံများပေးအပ်ပြီး ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က ဝန်ထမ်းများနှင့် ကောက်စိုက်လုံမေများအား အချိုရည်နှင့်စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ဧက ၃၀၀၀ ရှိ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးရိတ်သိမ်းနေမှုအား ကြည့်ရှုခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ တောင်သူပညာပေးစံပြစိုက်ကွင်းသို့ ရောက်ရှိပြီး ဒေါ်ကျော့ကျော့ခိုင်၏ မိုးစပါးသုံးဧကတွင် ခေတ်မီရိတ်သိမ်း ခြွေလှေ့စက်ဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ ●



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်း ဝတ်မှုန်ကူးပွဲတော်အား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



# ရသေ့တောင်မှ ကျိုက်ထီးရိုးစေတီသို့ ကေဘယ်လ်ရထားဖြင့် ပို့ဆောင်နိုင်ရေးစီမံကိန်းစတင်နေ

မြင့်မားသောတောင်၊ မတ်စောက်သောလျှိုမြောင်များ ဝန်းကျင်ဝဲယာတစ်ခွင် ကြည့်လေတိုင်း မြူတွေဆိုင်းကာ ရစ်သိုင်းဝေ့ဝဲလျက် လတ်ဆတ်သော လေပြည်လေညင်းများက အသက်ရှူတိုင်း သန့်ရှင်းအေးမြစွာ ရင်ထဲပျံ့နှံ့သွားသည်။ ကြည်ညိုသပ္ပာယ်စွာဖူးမြော်ရသော ကျိုက်ထီးရိုးစေတီတွင် ပြည်တွင်း ပြည်ပဘုရားဖူးများက နေ့စဉ်အတက်အဆင်းများနှင့် စည်ကားလျက်ရှိသည်။ ကျိုက်ထီးရိုးစေတီကို အချိန်တိုအတွင်း ဖူးမြော်နိုင်ရန်နှင့် သဘာဝမြင်ကွင်းကို အပေါ်စီးမှ ခံစားလေ့လာနိုင်ရန် ရသေ့တောင်မှ ကျိုက်ထီးရိုးစေတီရင်ပြင်ခြေရင်းသို့ ကောင်းကင်ကေဘယ်လ်ရထားပြေးဆွဲပေးရန် စီစဉ်နေပြီဖြစ်သည်။

"ကျိုက်ထီးရိုးစေတီကို နှစ်စဉ်ဘုရားဖူးလာတဲ့ ပြည်တွင်းပြည်ပဘုရားဖူးတွေ တိုးမြင့်လာတယ်။ ကင်မွန်းတန်းမှ စေတီခြေရင်းအထိ နေ့စဉ် တောင်တက်ကားတွေနဲ့ အဆင်းအတက် သယ်ယူပို့ဆောင်ပေးနေတယ်။ ဒါ့အပြင် ဘုရားဖူးတွေအတွက် ရသေ့တောင်မှကျိုက်ထီးရိုးစေတီရင်ပြင်ခြေရင်းအထိ ကောင်းကင်ကြိုးသွယ်တန်းပြီး ကေဘယ်လ်ရထားနဲ့ ပြေးဆွဲနိုင်ရေး စီမံကိန်းကိုလည်း ဆောင်ရွက်နေပါတယ်"ဟု

**သတင်းဆောင်းပါး**
**မောင်မောင်မြင့်ဆွေ**

ကျိုက်ထီးရိုးစေတီ အလှည့်ကျဂေါပက ဦးအောင်မြင့်က ပြောသည်။

ရသေ့တောင် ကားရပ်စခန်းရှိ ကောင်းကင်ကေဘယ်လ်ရထား စတင်ပြေးဆွဲမည့်၊ တာဝါတိုင်စိုက်ထူမည့် နေရာမှာ လက်ရှိကားရပ်စခန်း၏

စာမျက်နှာ ၇ ကော်လံ ၁ ✻

**ယနေ့ မာတိကာ**

အိုင်အက်စ်ကိုတိုက်ခိုက်ရန် အမေရိကန်-တရုတ် သဘောတူ
စာမျက်နှာ » ၄
ကျွန်တော်နဲ့ မြစ်ကြီးနားမြို့ ဆောင်းပါး
စာမျက်နှာ » ၆
သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာအပြောပြော အပိုင်း(၇)
စာမျက်နှာ » ၁၆



ပြည်တွင်းသတင်း

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကညွတ်ကွင်းနှင့် ဖြူးမြို့တို့မှ ဒေသခံများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ မဟာမြို့လှကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဦးနေမိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဆိုပါကျောင်းတိုက်၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးညွန့်လှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးတင်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့ဖိမြို့ဖများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကညွတ်ကွင်းမြို့သည် ယခင်ကနှင့်မတူဘဲ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ၌ များစွာဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အလျောက် ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဆင်းရဲမှုလျော့ကျပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် လိုအပ်ပါကြောင်း၊ ထိုသို့ရရှိရန် ထိုက်သင့်သည့် အတတ်ပညာများတတ်မြောက်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့၏သား၊ သမီးများအား ပညာတတ်များဖြစ်အောင် ငယ်စဉ်ကပင် ပြုစုပျိုးထောင်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကညွတ်ကွင်းမြို့ ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေကြသည့်လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်၍ ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများ လိုအပ်မှုအခြေအနေများကို မေးမြန်းမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကညွတ်ကွင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရတနာခန်းမ၌ကျင်းပသည့် (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အငြိမ်းစားဆရာကြီးများဖြစ်ကြသည့် ဦးထွန်းရှိန်၊ ဦးမြင့်လွင်၊ ဦးသိန်းငွေးနှင့် ဦးလှမောင်လေးတို့အား လက်ဆောင်ပစ္စည်းများပေးအပ်၍ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကန်တော့ကြသည်။



အခမ်းအနား၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိဘဝနှင့် မိမိပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာသည်သာ အောင်မြင်မှု၏ ထွက်လမ်းဖြစ်၍ အသိပညာနှင့် အတတ်ပညာများကို မဖြစ်မနေတတ်မြောက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိတ်၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းသား ကျောင်းသူဟောင်းများအားတွေ့ဆုံ၍ ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖြူးမြို့ သပြေတန်းကျောင်းတိုက်သို့ရောက်ရှိပြီး မြို့နယ် သံဃနာယကဥက္ကဋ္ဌ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖြူးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လျှောက်ထားရာ ဆရာတော်က ဩဝါဒစကား မြွက်ကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူးမြို့ မြို့မအနောက်ရပ်ကွက်ရှိ ဖြူးမြို့နယ်ခန်းမ တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး မြို့နယ်ခန်းမပုံစံနှင့် တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်ခန်းမ သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးအတွက် တာဝန်ရှိသူများညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဦးခင်ရီတို့သည် နိုဝင်ဘာ ၁ ရက်က ဦးဥတ္တမခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖ ၄၆၀ ခန့်နှင့် တွေ့ဆုံခဲ့သည်။ ပြည်ထောင်စုဝန်ကြီးများက လက်ရှိဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းပြောကြားပြီး ပြည်နယ်တာဝန်ခံများအနက်မှ ပြည်နယ်ကျန်းမာရေး၊ ပြည်နယ်ပညာရေး၊ တက္ကသိုလ်တက်ရောက်သင်ကြားမှု အခြေအနေ၊ ပြည်နယ်စိုက်ပျိုးရေး၊ ပြည်နယ်မွေးမြူရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးရေး၊ ပြည်နယ် ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှု၊ ပြည်နယ်ရေလမ်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဆတ်ရိုးကျချောင်း တူးဖော်မှုအခြေအနေ၊ ပြည်နယ်အလုပ်အကိုင်အခွင့်အလမ်းများအခြေအနေနှင့် အလုပ်လက်မဲ့အခြေအနေ၊ သက်မွေးဝမ်းကျောင်းပညာရေး၊ မူလတန်းဆရာ ဆရာမများမွေးထုတ်ရေး၊ သူနာပြု၊ သားဖွားဆရာမများမွေးထုတ်ရေး၊ ပြည်နယ်လမ်းတံတားများ တည်ဆောက်မှုအခြေအနေ၊ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်မည့် အလားအလာများ၊ ပြည်နယ်လျှပ်စစ်ဖြန့်ဖြူးမည့် အခြေအနေများကို ရပ်မိရပ်ဖ ၊ မြို့မိမြို့ဖများကို ရှင်းလင်းတင်ပြခဲ့သည်။



ကျောက်တော်မြို့နယ် ရှောက်ချောင်း ရေလှောင်တမံစီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

ထို့နောက် မွန်းလွဲပိုင်းတွင် စစ်တွေ ပုဏ္ဏားကျွန်း ကျောက်တော်လမ်းမကြီးအခြေအနေ၊ တည်ဆောက်ပြီးစီးလုဖြစ်သော ရှောက်ချောင်းတမံမှ ကျောက်တော်မြို့ ရေပေးဝေရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ လျှပ်စစ်ဓာတ်အားပေးခွဲရုံသို့ရောက်ရှိပြီး လာမည့် ဒီဇင်ဘာလတွင် ပုဏ္ဏားကျွန်းမြို့၊ စစ်တွေမြို့၊ မြို့ဟောင်းမြို့၊ ကျောက်တော်မြို့များသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးရန် ဆောင်ရွက်နေမှု နောက်ဆုံးအခြေအနေများအား စစ်ဆေးခဲ့သည်။ ထို့အပြင် ပုဏ္ဏားကျွန်းစက်မှုဇုန်အကောင်အထည်ဖော်နေမှု အဆင့်ဆင့်အပေါ် လမ်းညွှန်ပေးခဲ့သည်။ ပုဏ္ဏားကျွန်းမြို့ ရေပေးဝေရေးအတွက် အစီအမံအပေါ် ယခုနှစ်အတွင်း ပြီးစီးနိုင်သမျှ ကြိုးပမ်းရန်နှင့် လာမည့် မိုးကာလတွင် ရေသိုလှောင်နိုင်ရေး လမ်းညွှန်ခဲ့သည်။

ညပိုင်းတွင် ဝေသာလီအားကစားကွင်းအတွင်း ရခိုင်ပြည်နယ် ရိုးရာနပန်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအကြိုလေ့ကျင့်မှုတွင် ကျောင်းသူ ကျောင်းသား ၂၀၀၀ ခန့် ပါဝင်လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




နိုင်ငံတကာသတင်း

# အိုင်အက်စ်ကို တိုက်ခိုက်ရန် အမေရိကန်-တရုတ် သဘောတူ

**ဟောင်ကောင် နိုဝင်ဘာ ၂**



အမေရိကန်နှင့် တရုတ်တို့သည် လွန်ခဲ့သောလ နှောင်းပိုင်းက အစ္စလာမ္မစ်စစ်သွေးကြွများကို ပူးပေါင်းတိုက်ခိုက်ရန် ဆွေးနွေးခဲ့သည်။ အကြမ်းဖက်မှုများကို ဆန့်ကျင်ရန် မူဝါဒပိုင်းတွင် တစ်ဦးနှင့်တစ်ဦး ဝေဖန်မှုနည်းပြီး အကျိုးဖြစ်ထွန်းသော ရလဒ်ထွက်ပေါ်ခဲ့သည်။

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းမှု (အေပက်)ထိပ်သီးအစည်းအဝေး၏ နောက်ဆက်တွဲ အစည်းအဝေးတွင် နှစ်နိုင်ငံခေါင်းဆောင်များဖြစ်သော အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံစလုံးမှ သမ္မတနှစ်ဦးသည် အရေးကြီးကိစ္စများ ဆွေးနွေးခဲ့သည်။

အိုင်အက်စ်တို့ကို တိုက်ခိုက်ရန် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် တရုတ်နိုင်ငံက တပ်ဖွဲ့ဝင်များ သို့မဟုတ် လက်နက်များပေးမည်ဟု ကတိမပေးခဲ့ပေ။

အိုင်အက်စ်စစ်သွေးကြွများနှင့် ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းရှိခြင်းသည် နိုင်ငံရေးအမြတ်ရှိမည်ဟု ကျွမ်းကျင်သူများနှင့် သံအမတ်များက ပြောခဲ့သည်။

“အခုဆိုရင် တရုတ်နိုင်ငံက နောက်တန်းမှာ ဒီအတိုင်းရှိနေပြီး အမေရိကန်နိုင်ငံရဲ့ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်မှုတွင် မည်သည့်ဝေဖန်မှုမှ မလုပ်ဘူး။ ဒါဟာ ပူးပေါင်းဆောင်ရွက်မှုပါပဲ” ဟု ကမ္ဘာ့အကြမ်းဖက်မှုများကို လေ့လာနေသော ဗာဂျီးနီးယားတက္ကသိုလ်၏ လက်ထောက်ပါမောက္ခ ဖီးလစ်ပေါ်တာက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ကနေဒါနိုင်ငံ၏ နိုင်ငံကူးလက်မှတ် တားမြစ်ချက် အနောက်အာဖရိကနိုင်ငံများကို ရိုက်ခတ်

**အော့တဝါ နိုဝင်ဘာ ၂**

ကနေဒါနိုင်ငံသည် အီဘိုလာဖြစ်ပွားလျက်ရှိသည့် အနောက်အာဖရိကနိုင်ငံများမှ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများနှင့် အဆိုပါနိုင်ငံသားများ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းများကို ဆိုင်းငံ့ထားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝေဖန်မှုပြုလုပ်ခဲ့သည့် ဩစတြေးလျနိုင်ငံ၏ ဆောင်ရွက်ချက်နှင့် အလားတူလုပ်ဆောင်ချက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တားမြစ်ချက်ကို အီဘိုလာရောဂါပြင်းပြင်းထန်ထန် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလျက်ရှိသည့် နိုင်ငံများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံက ပြောခဲ့သည်။

လိုက်ဘေးရီးယား၊ ဆီရာလီယွန်နှင့် ဂီနီနိုင်ငံများသည် အီဘိုလာတိုက်ခိုက်မှုဒဏ် ခံစားနေရပြီး သေဆုံးသူ ၅၀၀၀ ခန့်ရှိပြီဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အောက်တိုဘာ ၂၉ ရက်နေ့ ထုတ်ပြန်ချက်အရ ရောဂါကူးစက်ခံရသူ ၁၃၅၆၇ ဦးရှိပြီး သေဆုံးသူ ၄၉၅၁ ဦးရှိကြောင်း သိရသည်။

ယခုလက်ရှိအခြေအနေအရ ကနေဒါနိုင်ငံသည် အီဘိုလာဖြစ်ပွားမှု မရှိသေးသော်လည်း အဆိုပါရောဂါ ပြန့်ပွားမှုသည် ပြည်သူများ ကျန်းမာရေးအတွက် အပြင်းထန်ဆုံးအန္တရာယ်ဖြစ်ပြီး များမကြာမီ ရောက်ရှိလာနိုင်ကြောင်း နိုင်ငံသားစိစစ်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။

ကနေဒါနိုင်ငံ၏ နိုင်ငံကူးလက်မှတ်ဆိုင်ရာ ကန့်သတ်ချက်များသည် ဩစတြေးလျနိုင်ငံ၌ ပြုလုပ်နေသည့် တားမြစ်ချက်များထက် ပိုနည်းကြောင်း၊ အခြေခံလုပ်ဆောင်ချက်အဆင့်ဆင့်ဖြင့် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

အဆိုပါတားမြစ်ချက်သည် အီဘိုလာဖြစ်ပွားနေသည့်ဒေသမှ မိခင်နိုင်ငံသို့ပြန်လာမည့် ကနေဒါနိုင်ငံသား ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် သက်ရောက်မှုမရှိပေ။ **(ဘီဘီစီ)**

# ထောက်လှမ်းရေးသတင်းအချက်အလက်များ ပိုမိုစုဆောင်းရန် ပင်တဂွန်က သူလျှို ၅၀၀ ပင်လယ်ရပ်ခြား၌ ဖြန့်ကြက်မည်ဆို

**ပင်တဂွန် နိုဝင်ဘာ ၂**



ပင်လယ်ရပ်ခြားဒေသ အသီးသီးသို့ ပင်တဂွန်က သူလျှို ၅၀၀ စေလွှတ်ဖြန့်ကြက်သွားရန် စီစဉ်နေကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါစာရင်းမှာ ၂၀၁၂ ခုနှစ်က စာရင်း၏ ထက်ဝက်နီးပါးဖြစ်ကြောင်း ပင်တဂွန်က ကြေညာခဲ့သည်ဟု ဝါရှင်တန်ပို့စ်က တနင်္ဂနွေနေ့တွင် သတင်းဖော်ပြသည်။

စီအိုင်အေနှင့် အမေရိကန်စစ်ဘက် အထူးတပ်ဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် မူလက သူလျှို ၁၀၀၀ ထက်မနည်း ပြည်ပနိုင်ငံများ၌ ဖြန့်ကြက်ချထားရန် စီစဉ်ခဲ့သည်ဟု အဆိုပါအစီရင်ခံစာက ထပ်လောင်း ဖော်ပြထားသည်။

အဆိုပါ သူလျှိုများအား အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများအပါအဝင် ကမ္ဘာတစ်ဝန်းနိုင်ငံများသို့ ဖြန့်ကြက်သွားမည်ဟု အမေရိကန်ထောက်လှမ်းရေးတာဝန်ရှိသူဟောင်းတစ်ဦးက ပြောဆိုခဲ့သည်။

ယင်းကဲ့သို့ သူလျှိုများ ကမ္ဘာတစ်ဝန်း တိုးမြှင့်ဖြန့်ကြက်ရခြင်းမှာ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနအတွက် သတင်းအချက်အလက်များ ပိုမိုစုဆောင်းပေးနိုင်ရန်အတွက်ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်တွင် ရေးသားဖော်ပြသည်။

**(ပရက်စ်တီဗွီ)**

# ဒုံးကျည်စနစ်ပါ ရေငုပ်သင်္ဘောသစ်တစ်စင်းကို မြောက်ကိုရီးယားမွမ်းမံမှု ပြုလုပ်ခဲ့သည်ဟုဆို

**ဆိုးလ် နိုဝင်ဘာ ၂**

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်များသယ်ဆောင် ပစ်လွှတ်နိုင်သော ရေငုပ်စစ်သင်္ဘောတစ်စင်းကို ရေချလိုက်ကြောင်း ဆိုးလ်မြို့ရှိ တပ်မတော်နှင့် အစိုးရပိုင်သတင်းရင်းမြစ်များက ယနေ့ပြောကြားလိုက်ပြီး မြောက်ကိုရီးယားနိုင်ငံ၏ ချူကလီးယားနှင့် ဒုံးကျည်အန္တရာယ်အပေါ် စိုးရိမ်မှုများ မြင့်မားလာခဲ့သည်။

ဆိုဗီယက်ခေတ် ဂေါ့ဖ်အမျိုးအစား ဒီဇယ်ရေငုပ်သင်္ဘောကို မြောက်ကိုရီးယားနိုင်ငံသို့ တင်သွင်းပြီးနောက် အဆိုပါသင်္ဘော၏ အင်ဂျင်နီယာနည်းပညာရပ်များကို အဆင့်မီ ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရသတင်းရပ်ဝန်းက ခန့်မှန်းပြောကြားခဲ့သည်။

အဆိုပါ ဆိုဗီယက်ခေတ်သင်္ဘောကို ၁၉၅၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၉၀ပြည့်နှစ်တွင် ဖျက်သိမ်းခဲ့သည်။

**(ယွန်ဟက်ပ်)**

# စကော့တလန်ဝေဟင်၌တွေ့ရသည့် ရုရှားဗုံးကြဲလေယာဉ် ဗြိတိသျှ တိုင်ဖွန်းတိုက်လေယာဉ်များ ကြားဖြတ်ဟန့်တား



**လန်ဒန် နိုဝင်ဘာ ၂**

ယူကေလေကြောင်း ပိုင်နက်အတွင်း ဝင်ရောက်ရန် ချဉ်းကပ်လာသော ရုရှားဗုံးကြဲလေယာဉ်တစ်စင်းကို ဗြိတိသျှတော်ဝင်လေတပ်မှ ဂျက်တိုက်လေယာဉ်များက ကြားဖြတ်ဟန့်တားခဲ့ရကြောင်း ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

ရုရှားဗုံးကြဲလေယာဉ် တူပိုလက်အမျိုးအစား တီယူ-၉၅ကို စကော့တလန်ဝေဟင်၌တွေ့ရှိခဲ့ပြီး ဗြိတိသျှ တိုင်ဖွန်း တိုက်လေယာဉ်များက ဟန့်တားခဲ့ကြောင်း ယူကေကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

အောက်တိုဘာ ၂၉ ရက်ကလည်း အဆိုပါဖြစ်စဉ်အတိုင်းဖြစ်ပွားခဲ့ရာ ဗြိတိသျှတိုက်လေယာဉ်များက ကြားဖြတ်ဟန့်တားခဲ့ရသည်ဟု ဆိုသည်။

အဆိုပါနေ့တွင် ဥရောပဝေဟင်၌ ရုရှားစစ်ဘက်လေယာဉ် အုပ်စု လေးခုကိုလည်း နေတိုးအဖွဲ့က ကြားဖြတ်တားဆီးခဲ့ရသည်ဟု ဆိုသည်။ ရုရှားတို့အနေဖြင့် ပင်လယ်နက်နှင့် မြောက်ပင်လယ်အပေါ် စစ်လေယာဉ်များ တိုးမြှင့်ပျံသန်းလာကြောင်း မကြာသေးမီက နေတိုးအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ယူကရိန်းအရှေ့ပိုင်း အကျပ်အတည်းအခြေအနေကြောင့် လွန်ခဲ့သည့်လများက ရုရှားစစ်ဘက်လေယာဉ်များ နိုင်ငံတကာလေကြောင်းပိုင်နက်အတွင်း ပျံသန်းမှုများ တိုးမြှင့်ပြုလုပ်လာသည်ဟုလည်း နေတိုးအဖွဲ့အစီရင်ခံစာ၌ ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# ဘီယာပုလင်းခွံကို အင်းလျားကန်အတွင်းပစ်ချခဲ့ပြီး လိုက်လံဆယ်ယူရာမှ ရေနစ်ပျောက်ဆုံးနေသူ အမျိုးသားအား သေဆုံးလျက်တွေ့ရှိ

**ရန်ကုန် နိုဝင်ဘာ ၂**

လှိုင်မြို့နယ်နေသူများဖြစ်သည့် ကိုဝင်းကိုနိုင်၊ ကိုဟိန်းမင်းထွန်းနှင့် ကိုကောင်းထက်စံ၊ ကိုရဲရင့်အောင်၊ ကိုအငယ်လေး(ခ)မှုတ်ကြီးတို့သည် အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီခွဲက မရမ်းကုန်းမြို့နယ် (၁၀) ရပ်ကွက် ပြည်လမ်းရှိ အင်းလျားကန်ပေါင်တွင် အရက်သောက်စားမူးယစ်ပြီး လမ်းလျှောက်နေခဲ့ကြကြောင်း၊ ထိုသို့ လမ်းလျှောက်နေစဉ် အငယ်လေး(ခ) မှုတ်ကြီး(ခ) ကျော်ကျော်ဌေးက ဘီယာပုလင်းခွံကို အင်းလျားကန်အတွင်းပစ်ချပြီးနောက် လိုက်လံဆယ်ယူမည်ဟုဆိုကာ ကန်အတွင်းဆင်းသွားခဲ့ပြီး ပုလင်းခွံကို လိုက်လံဆယ်ယူခဲ့ကြောင်း၊ ထိုသို့ဆယ်ယူရာ ကန်ပေါင်နှင့် ပေ ၃၀ ခန့်အကွာတွင် နစ်မြုပ်သွားပြီး ပျောက်ဆုံးနေသဖြင့် ကိုဝင်းကိုနိုင်က ည ၉ နာရီ ၄၅ မိနစ်တွင် မရမ်းကုန်းမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

**စုံစမ်းစစ်ဆေး**

ထိုသို့ အကြောင်းကြားချက်အရ မရမ်းကုန်းမြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ ပါဝင်သည့်အဖွဲ့တို့က အခင်းဖြစ်နေရာပတ်ဝန်းကျင်တွင်ရှာဖွေခဲ့ရာ နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲတွင် ရေနစ်ပျောက်ဆုံးနေသူ ကိုအငယ်လေး(ခ) မှုတ်ကြီး(ခ)ကျော်ကျော်ဌေး(၂၀ နှစ်) အင်းစိန်မြို့နယ်နေသူကို သေဆုံးလျက်တွေ့ရှိခဲ့ရသောကြောင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ မရမ်းကုန်းမြို့မရဲစခန်းက အမှုဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

# ကျောက်မဲနှင့် မိုင်းဖြတ်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂**

အောက်တိုဘာ ၃၁ ရက်က ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့ အေးရှားဝေါလ်တိုးဂိတ်တွင် သီပေါမြို့ဘက်မှ ကျောက်မဲမြို့ဘက်သို့ ထွန်းစိန်မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ၎င်း၏ခါးပတ်အိတ်အတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၀ သိမ်းဆည်းရမိသဖြင့် ထွန်းစိန်(၂၃ နှစ်)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ အောက်တိုဘာ ၃၁ ရက်က မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့နယ် ဆားလို့ကျေးရွာအုပ်စု နားယောင်းကျေးရွာနေ အားလို့၏နေအိမ်ကို သတင်းအရရှာဖွေရာ ၎င်းနှင့်အတူ ကျညီးကိုတွေ့ရှိရပြီး အားလို့လွယ်ထားသောလွယ်အိတ်အတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိသဖြင့် အားလို့( ၃၆ နှစ်)နှင့် ကျညီး(၃၀နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



# မကွေး၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးဖော်ထုတ်

**မကွေး နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းအကူဌာနစုမှ ရဲအုပ်မျိုးနိုင်နှင့်အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ဌေးဝင်း (၄၆ နှစ်) စက်သုံးဆီရောင်းဝယ်ရေး အမှတ်(၃) ရပ်ကွက် မြိုင်မြို့နယ်နေသူ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဌေးဝင်းအားနေအိမ်တွင် အသင့်တွေ့ရပြီး နေအိမ်အခန်းအတွင်း ကြိုးတန်းတွင် ချိတ်ထားသည့် ဌေးဝင်း၏ အင်္ကျီလက်တို အိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား နီညိုရောင် ၁၀ ပြား ကာလတန်ဖိုး ငွေကျပ် ၅၀၀၀၀ ခန့်ကို ရှာဖွေတွေ့ရှိပြီး အဆိုပါနေအိမ်အခန်းအတွင်းမှ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိသည်။

ဌေးဝင်း၏ ထွက်ဆိုချက်အရ မြိုင်မြို့နယ် ကျောက်ဆောင်းကျေးရွာနေ ဒေါ်ခင်လှ(၆၅နှစ်) နေအိမ်တွင်နေထိုင်သည့် သမက်ဖြစ်သူ ရဲကျော် (၄၀ နှစ်)ထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်ခင်လှ၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ရဲကျော်ကို မတွေ့ရဘဲ နေအိမ်နောက်ဖေးဝိုင်းကွက်တွင် ဒေါ်ခင်လှအား တွေ့ရှိရပြီး နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၇ ပြား၊ ကာလတန်ဖိုး ငွေကျပ် ၃၈၅၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဒေါ်ခင်လှ၏ နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ နေအိမ်အောက်ထပ်ခုတင်ပေါ်ရှိ ယွန်းအစ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား၊ ကာလတန်ဖိုးငွေကျပ် ၁၀၀၀၀ နှင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၉၅၂၀၀ သိမ်းဆည်းရမိသဖြင့် တရားမဝင် မူးယစ်ဆေးဝါးများကို လက်ဝယ်ထားရှိရောင်းချသူ ဒေါ်ခင်လှနှင့်ရဲကျော်တို့ကို မြိုင်မြို့နယ် မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဝန်းသို၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဝန်းသို နိုဝင်ဘာ ၂**

ဝန်းသိုရဲစခန်းမှ ဒုရဲအုပ် သောင်းတင်သည် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် ညောင်ပင်သာကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မြင့်က တစ်ရွာတည်းနေ ညွှန့်လွင်၏နေအိမ် ခြံစည်းရိုးထင်းပုံအောက်တွင် အထုပ်တစ်ထုပ်တွေ့ရ၍ စစ်ဆေးပေးပါရန် သတင်းပေး၍ ဒုရဲအုပ်သောင်းတင်နှင့် တပ်ဖွဲ့ဝင်များသည် သွားရောက်စစ်ဆေးရာ ညွှန့်လွင်ဆိုသူမှာ နေအိမ်တွင်မရှိဘဲ ထွက်ပြေးတိမ်းရှောင်သွားသည်။

၎င်းအိမ်ရှိ ထင်းပုံအောက်မှ ဝှက်ထား သောအထုပ်ကို ရှာဖွေစစ်ဆေးရာ ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် ၁၅ ဒသမ ၈၁ ဂရမ်၊ ရှမ်းပျံမယ်ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် ၅ ဒသမ ၉၅ ဂရမ်ခန့်ပါ ကော်ဘူး တစ်ဘူးနှင့် ၅ ဒသမ ၇၈ ဂရမ်ခန့်ပါ ကော်ဘူး တစ်ဘူး၊ ၄ ဒသမ ၀၈ ဂရမ်ခန့်ပါ ကော်ဘူးတစ်ဘူးတို့ကို ရှာဖွေစစ်ဆေးတွေ့ရှိရ၍ ညွှန့်လွင်အား ဥပဒေအရ အရေးယူပေးပါရန် ဒုရဲအုပ် သောင်းတင်က တရားလိုပြုလုပ်ကာ တိုင်ကြားထားပြီး ထွက်ပြေးတိမ်းရှောင်နေသူ ညွှန့်လွင်ကို အမြန်ဖမ်းဆီးရမိရေးအတွက် သက် ဆိုင်ရာနယ်မြေ ရဲကင်းမှူးများနှင့် ဆက်သွယ်ဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# တာချီလိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် နိုဝင်ဘာ ၂**

နိုဝင်ဘာ ၁ ရက် ညနေ ၆ နာရီက နယ်စပ်ကုန်သွယ်ရေးညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့်Mobile Team အဖွဲ့၊ မယ်ယန်းပူးပေါင်းဂိတ် နယ်စပ်ကုန်သွယ်ရေးမှ ဒုရဲမှူး ဝင်းသန်းဦးစီးအဖွဲ့၊ မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးအဖွဲ့၊ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းကိုးဘက်မှ တာချီလိတ်ဘက်သို့ အိုက်အွန်မောင်းနှင်လာသော ၂၅ ယ/--- CLICK အမျိုးအစား၊ ဖြူပြာ ရောင်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ အိုက်အွန်၏ ဝဲဘက်လက်ဖြင့် ကိုင်ဆောင်ထားသော အဖြူရောင်ပလတ်စတစ်ကပ်ခွာအိတ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား ၁၃ ပြားနှင့် နီညိုရောင်ဆေးပြား ၁၁ ပြား၊ စုစုပေါင်း ၂၄ ပြား၊ ကာလတန်ဖိုးငွေကျပ် ၆၀၀၀၀ ကို ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

**အရေးယူဆောင်ရွက်**

မူးယစ်ဆေးဝါးများနှင့် အတူ လက်ဝယ်တွေ့ရှိသူ အိုက်အွန်(၃၄) နှစ်၊ မယ်ယန်းရွာ တာချီလိတ်မြို့နေသူကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရဲလုပ်ငန်းဆောင်ရွက်မှုနှင့် မှုခင်းအခြေအနေများရှင်းလင်း

**ပန်းတောင်း နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲလုပ်ငန်းစဉ်များ ဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့နယ်အတွင်းမှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများသို့ ရှင်းလင်းတင်ပြခြင်းကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဗိမ္မာရုံ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် ပန်းတောင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးဆောင်ရွက်နိုင်မှုအခြေအနေ၊ ပြည်သူများက သတင်းပေးကူညီရန် တာဝန်နှင့် ပြစ်မှုကျူးလွန်သူများအား လက်ခံထားခြင်းအတွက် ပြစ်ဒဏ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏လစာ၊ ရိက္ခာနှင့် ထောက်ပံ့ပေးမှု လာဘ်ပေးလာဘ်ယူ ပပျောက်ရေးအတွက် ကျူးလွန်သည့်ရဲတပ်ဖွဲ့ဝင်များအပေါ် အရေးယူဆောင်ရွက်မှု၊ ရဲလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲရေးတွင် အီးယူအဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကို ဗဟိုပြုစနစ်ဖြင့် ဆောင်ရွက်နေမှုနှင့် နယ်မြေအတွင်း ဖြစ်ပွားလျက်ရှိသော မှုခင်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

**(၀၀၈)**

လူသားအားလုံးရဲ့ အန္တရာယ် မူးယစ်ဆေးကိုရှောင်ဖယ်

ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A
Ph: 202046,392048,256954
Ph: 01-503472, 09 73001453
BASIC ENGLISH SPEAKING
BASIC FOUR SKILLS ENGLISH
BASIC GRAMMAR
PRE-INTERMEDIATE
INTERMEDIATE (ACADEMIC ENGLISH)
VOCAB ENRICHMENT
BASIC WRITING
INTERMEDIATE WRITING
IELTS (Preparation)
IELTS (Speaking)
IELTS (Reading)
IELTS Exam Practice
IELTS (Writing)

## ရန်ကုန်စက်မှုဇုန်မှ ထပ်မံသတိပေးနှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်စက်မှုဇုန်အပိုင်း(၁၊ ၂၊ ၃) တို့မှာ (၁၀၀%)Infrastructure ပြီးစီးပြီး စက်မှုဇုန်အကောင်အထည်ဖော်ရန် တိုက်တွန်းထားပြီးဖြစ်၍ ဝယ်ယူထားသည့် မြေကွက်ပိုင်ရှင်များမှလည်း ဝယ်ယူစဉ် ဇေကမ္ဘာကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည့် စာချုပ်ပါအတိုင်း စက်ရုံအဆောက်အအုံဆောက်လုပ်ရန် စည်းကမ်းချက်တွင် ပါရှိပြီးဖြစ်၍ အဆောက်အအုံ မဆောက်လုပ်သေးသော ပိုင်ရှင်များမှ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြပါရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက ကုမ္ပဏီမှဝယ်ယူစဉ် ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းချက်များ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ရန်ကုန်စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ**
**ဆက်သွယ်ရန် ဖုန်း-၆၃၉၃၀၃၊ ၆၃၉၃၀၄၊ ၆၃၉၃၀၅**

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ မြစ်ကြီးနားမြို့

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

အခုတလော ကျွန်တော်ရောက်ဖူးချင်လှတဲ့နေရာတွေဆီ ရောက်ခဲ့တယ်။ တစ်လောက အမြဲမြင်ချင်တွေ့ချင်လှတဲ့ ပြည်မြို့အနီးရှိတဲ့ သီရိခေတ္တရာမြို့ဟောင်းကို ရောက်ခဲ့တယ်။ ဒီတစ်ခေါက်ဟာ မြန်မာနိုင်ငံရဲ့ မြောက်ဘက်မှာရှိတဲ့ ကချင်ပြည်နယ်မြို့တော်ဖြစ်တဲ့ မြစ်ကြီးနားကို မထင်မှတ်ဘဲ ရောက်ခဲ့ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ရဲ့ စီစဉ်ပေးမှုကြောင့် ရောက်ချင်လှတဲ့ မြစ်ကြီးနားမြို့ကို ရောက်ခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးကိုယ်တိုင်ကလည်း တာဝန်နဲ့သွားမှာမို့ ကျွန်တော်လည်း ဝန်ကြီးနဲ့အတူလိုက်ပါခဲ့ပါတယ်။ မြစ်ကြီးနားကို လေယာဉ်ပျံနဲ့ မန္တလေးအထိသွားပြီး မန္တလေးကတစ်ဆင့် မြစ်ကြီးနားကို ပျံသန်းခဲ့ပါတယ်။ ဟိုရောက်တော့ ညနေ ၅ နာရီကျော်သွားပြီ။ ရန်ကုန်ကထွက်တဲ့လေယာဉ်က နောက်ကျမှ ရောက်ခဲ့တာ။ မြစ်ကြီးနားလေယာဉ်ကွင်းမှာ ပြည်နယ်ဝန်ကြီးချုပ်ရယ်၊ ပြည်နယ်အစိုးရဝန်ကြီးတွေရယ်၊ တာဝန်ရှိသူတွေက လာရောက်ကြိုဆိုနေကြတယ်။ ဧည့်ခန်းမှာ ခေတ္တခဏနားပြီး ကျွန်တော်တို့အားလုံးက မကြာသေးခင်က ဖွဲ့စည်းထားတဲ့ အများပိုင်ကုမ္ပဏီတည်ရှိတဲ့ ရုံးခန်းကို သွားခဲ့တယ်။ ကျွန်တော့်ကို အများပိုင်ကုမ္ပဏီနဲ့ ပတ်သက်ပြီး ဟောပြောပေးဖို့ တောင်းခံလာတဲ့အတွက် အခုလို တည်းခိုမယ့်ဟိုတယ်ကို မသွားတော့ဘဲ ဟောမယ့်နေရာကို သွားခဲ့တာဖြစ်ပါတယ်။

ခန်းမထဲရောက်တော့ အများပိုင်ကုမ္ပဏီက အမှုဆောင်လူကြီးတွေ၊ အစုရှယ်ယာဝင်တွေအပြည့်။ ကျွန်တော်တို့က နောက်ကျနေတာမို့ အားနာလိုက်တာ။ ကျွန်တော်လည်းပြင်ဆင်ထားတဲ့ slides တွေ ပါဝင်တဲ့ memory stick ကို ကွန်ပျူတာစနစ် တာဝန်ယူနေတဲ့ လူငယ်ကိုပေးပြီး ဟောပြောပွဲကို လုပ်ပေးခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရော၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရော၊ ဝန်ကြီးများရောပါဝင်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုမျိုးစုံ ဆောင်ရွက်တဲ့နေရာမှာ မဏ္ဍိုင်တစ်ခုအနေနဲ့ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ထုတ်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဦးတည်ချက်ဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုကို ချဉ်းကပ်ရာမှာ ပုဂ္ဂလိကကဏ္ဍရဲ့ အရေးပါမှုကို မီးမောင်းထိုးခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးမှ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**အမှန်တော့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ထုတ်ရာမှာ၊ နိုင်ငံတော်ပိုင်းက ဖန်တီးပေးပြီး လက်တွေ့လှုပ်ရှားရတဲ့သူကတော့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်သမ္မတကြီးက အများပိုင်ကုမ္ပဏီ တည်ထောင်ကြဖို့တိုက်တွန်းခဲ့ပါတယ်။ ကျွန်တော်တို့ လူမျိုးရဲ့ထုံးစံအတိုင်း အများပိုင်ကုမ္ပဏီဖွဲ့ဖို့ အခုလို တိုက်တွန်းတဲ့နေရာမှာ ချက်ချင်း နေ့ချင်းညချင်း အများပိုင်ကုမ္ပဏီတွေ တည်ထောင်ခဲ့ကြတယ်။ လက်ရှိအချိန်မှာ စုစုပေါင်း ၂၀၀ ကျော်ရှိတယ်လို့သိရပါတယ်။ အရေးကြီးတဲ့ကိစ္စက အများပိုင်ကုမ္ပဏီလို့ ခေါ်ဝေါ်သတ်မှတ်လိုက်တာနဲ့ အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်သွားနိုင်သလား။ ဒီမေးခွန်းဟာ အလွန်အရေးကြီးလှပါတယ်။ အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ဖို့လိုအပ်တဲ့ အများပိုင်ကုမ္ပဏီမှာ ကျွန်တော်တင်ပြပြီးတဲ့အခါ ထမင်းစားချိန်နီးကပ်တာမို့ ကျင်းပမယ့်ခန်းမကို တိုက်ရိုက်သွားရောက်ခဲ့ပါတယ်။ ခန်းမက ခပ်ကြီးကြီး။ စားပွဲဝိုင်းတွေနဲ့အပြည့်။ ကျွန်တော့်စားပွဲမှာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်ဝန်ကြီး၊ စကားဝိုင်းက သွက်သွက်လက်လက် ပြောကြဆိုကြရင်း နယ်မြေဒေသမှာ လက်တွေ့ကြုံတွေ့ရင်ဆိုင်ရတဲ့ အကြောင်းအချက်တွေရခဲ့ပါတယ်။ ရန်ကုန်မြို့မှာ ရင်ဆိုင်နေရတဲ့ ယာဉ်ကျပ်တဲ့ဒုက္ခက မြစ်ကြီးနားမှာမရှိပါဘူး။ ဒါပေမယ့် သူတို့ဆီမှာတွေ့ကြုံရတာက အငှားယာဉ်တွေနည်းတဲ့ပြဿနာ။ အငှားယာဉ်တွေများလွန်း လို့ ရန်ကုန်မှာ တွေ့ကြုံနေရတဲ့အခြေအနေနဲ့ ဆန့်ကျင်ဘက်။ အငှားယာဉ်နည်းတဲ့အတွက် မော်တော်ဆိုင်ကယ်တွေသုံးကြတယ်။ ဒါကြောင့်လည်း ယာဉ်မတော်တဆထိခိုက်မှုတွေက တိုးလာတာတွေ့ရတယ်။ ခရီးသည်တွေအနေနဲ့ အငှားယာဉ် လွယ်လွယ်ကူကူမရနိုင်တာမို့ ဆိုင်ကယ်တွေစီးကြတယ်။ ဒါကြောင့် ယာဉ်မတော်တဆ ထိခိုက်မှုတွေတိုးလာတယ်။ အဖြေက အငှားယာဉ်တွေကို ကချင်ပြည်နယ်နဲ့ကပ်နေတဲ့ တရုတ်နိုင်ငံက တင်သွင်းဖို့။ အခုလို ဆောင်ရွက်နိုင်ရင် ကြုံတွေ့နေရတဲ့ ပြဿနာကို ကုစားနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် မော်တော်ယာဉ်တင်သွင်းရာမှာ ရန်ကုန်မြို့ကသာ ဆောင်ရွက်ခွင့်ပေးထားတာမို့ လွယ်လွယ်နဲ့ လုပ်နိုင်တဲ့ကိစ္စဟာ ပိုပြီးခက်ခဲလာပါတယ်။ ဒါကြောင့်လည်း ယာဉ်တင်သွင်းမှုပေါ်လစီဟာ စဉ်းစားစရာတစ်ရပ်ဖြစ်လာပါတယ်။ တရုတ်နိုင်ငံကတင်သွင်းမယ့် အငှားယာဉ်တွေကို မိမိပြည်နယ်အတွင်းမှာသာသုံးဖို့ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ခံဖို့ အဆင်သင့်ပါ။ တည်ဆဲပေါ်လစီတွေကို လက်တွေ့အခြေအနေတွေနဲ့ ထင်ဟပ်ပြီး ပြန်လည်စဉ်းစားသင့်ကြောင်း ကျွန်တော်က လက်ခံယူဆမိပါတယ်။**

ထမင်းစားပွဲအပြီးမှာ တာဝန်ရှိသူတွေက ပြည်ထောင်စုဝန်ကြီးနဲ့ ကျွန်တော့်ကို ဒေသလက်ဆောင်များ ပေးပါတယ်။ ကျွန်တော့်ကို ဆီဆေးပန်းချီတစ်ချပ် လက်ဆောင်ပေးပါတယ်။ ပန်းချီကြိုက်တဲ့ကျွန်တော့်အတွက်က တိုင်းရင်းသားလီဆူလူမျိုး ပန်းချီရလိုက်တာမို့ ကျေနပ်မိပါတယ်။

တည်းခိုမယ့်ဟိုတယ်ကို ထမင်းစားပြီးချိန်မှာ သွားရောက်ခဲ့ပါတယ်။ ဟိုတယ်က မြစ်ကြီးနားမြို့ရဲ့ နာမည်ကြီး Palm Springs Resort ဟိုတယ်။ နံနက်အိပ်ရာထပြီး လမ်းလျှောက်တဲ့အခါ ဟိုတယ်နဲ့ မနီးမဝေးမှာရှိတဲ့ ဗလမင်းထင်တံတားကို ရောက်ခဲ့တယ်။

တံတားက ဧရာဝတီမြစ်ကြီးကိုဖြတ်ပြီး ထိုးထားတာ။ ကျွန်တော်က တံတားကတစ်ဆင့် တစ်ဖက်ကမ်းမှာရှိတဲ့ စေတီအထိ လမ်းလျှောက်ခဲ့တယ်။ တံတားအပေါ်ကနေ အောက်ကိုကြည့်လိုက်တော့ ဧရာဝတီမြစ်ကြီးကို မြင်ရတာ အင်မတန်ကြည်နူးရပါတယ်။ နယ်မြေအေးချမ်းမှုကိုလည်း တစ်စိတ်တစ်ဒေသ သုံးသပ်ခွင့်ရခဲ့တယ်။ တံတားအပေါ်မှာ လုံခြုံရေးယူထားသူတွေကို ကြည့်ရတာ အေးအေးချမ်းချမ်းပါပဲ။

> “ ကျွန်တော်တို့နိုင်ငံဟာ ပုံစံအများအပြားနဲ့ ပြောင်းလဲနေပါတယ်။ ဆက်သွယ်ရေး ကောင်းမွန်တာနဲ့အမျှ ပြည်နယ် ပြည်မ ကွဲပြားခြားနားမှုတွေပိုပြီး လျော့နည်းသွားမှာသာဖြစ်”

နံနက်စာစားပြီး ကျွန်တော်တို့အားလုံး ဟောပြောပွဲလုပ်တဲ့ခန်းမကို သွားရောက်ခဲ့ပါတယ်။ ခန်းမက ကျယ်ဝန်းလှပါတယ်။ ပရိသတ် ၅၀၀ ကျော်ကျော်ဆံ့တာ။ အစိုးရဌာနဝန်ထမ်းတွေ၊ လုပ်ငန်းရှင်တွေ၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ စီးပွားရေးနဲ့ရင်းနှီးမြှုပ်နှံမှု သင်တန်းသားတွေ စုံစုံညီညီ။ ဖွင့်ပွဲမှာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်ရဲ့ ပကတိအခြေအနေ၊ အနေအထားကို တင်ပြသွားပါတယ်။ ကျွန်တော်က “ကချင်ပြည်နယ်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု” ခေါင်းစဉ်နဲ့ တင်ပြဆွေးနွေးခဲ့ပါတယ်။

**တည်နေရာအနေအထားနဲ့ပြောရရင် ကချင်ပြည်နယ်ဟာ အလွန်အခြေခံကောင်းတဲ့ဒေသဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအရ တရုတ်နိုင်ငံနဲ့ အိန္ဒိယပြည်ကို ချိတ်ဆက်တဲ့ ခရီးအတိုဆုံးလမ်းဟာ ကချင်ပြည်နယ်က ဖြတ်သွားနေတာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်တွေ ဂျပန်တွေကို တရုတ်ပြည်မှာတိုက်ခိုက်နေစဉ် အိန္ဒိယနိုင်ငံကတစ်ဆင့် စစ်သည်တွေ၊ လက်နက်ခဲယမ်းမီးကျောက်တွေကို ကုန်းလမ်းကတစ်ဆင့် တင်ပို့နိုင်ခဲ့ပါတယ်။ အခုတော့ ဒီလမ်းကြီးကို ပြန်လည်ဖော်ထုတ်ဖို့ အစီအစဉ်တွေ လုပ်နေကြပြီး အတော်အတန် ခရီးရောက်နေတာ တွေ့ရပါတယ်။**

စီးပွားရေးသီအိုရီအရ ဒေသဖွံ့ဖြိုးမှုဟာ အလွန်အရေးပါလှတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ကချင်ပြည်နယ်ရဲ့ ဒေသဖွံ့ဖြိုးမှုကို ဘယ်ပုံဘယ်နည်း လွှမ်းခြုံကြည့်ပြီး စဉ်းစားသင့်ပုံကို နိုင်ငံတကာအတွေ့အကြုံနဲ့ချိန်ဆပြီး တင်ပြဆွေးနွေးခဲ့ပါတယ်။ ကချင်ပြည်နယ်ရဲ့ထူးခြားချက်က ကမ္ဘာလှည့်ခရီးသည်များကို ကြိုဆိုလက်ခံနိုင်တဲ့အခွင့်အရေး၊ အကောင်းဆုံးဒေသတစ်ခု ဖြစ်ပါတယ်။ အရှေ့တောင်အာရှ နိုင်ငံတွေမှာလုံးဝမရှိတဲ့ ဆီးနှင်းဟာ ကချင်ပြည်နယ်မြောက်ဖျားဒေသတွေမှာ (၁၂)ရာသီမှာ ရှိနိုင်တာတွေ့ရပါတယ်။ ဒီဆီးနှင်းဟာ ထူးခြားတဲ့ ဆွဲဆောင်မှုတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်ရှစ်နှစ်လောက်နေခဲ့တဲ့ အီတလီနိုင်ငံ တူရင်မြို့မှာ ဆောင်းတွင်းကာလမှာ ဆီးနှင်းဖုံးလွှမ်းနေတဲ့ တောင်တွေကို ကမ္ဘာလှည့်ခရီးသည်တွေလာရောက်ပြီး ဆီးနှင်းအားကစားတွေ ကျင်းပနေတာတွေ့ရပါတယ်။ အေးလှတဲ့ ရာသီဥတုရှိတဲ့ ဒေသဖြစ်တာမို့ ကချင်ပြည်နယ်က မြစ်တွေချောင်းတွေမှာ ဒေသခေါ် ရေခဲငါးတွေရှိပါတယ်။

အမှန်တော့ ဒီရေခဲငါးဟာ ကမ္ဘာ့ဈေးကွက်မှာ မျက်နှာပန်းလှတဲ့ အင်္ဂလိပ်လိုခေါ်တဲ့ Salmon ငါးဖြစ်တာသိရပါတယ်။ ဒီငါးတွေကိုစနစ်တကျ ဖမ်းဆီးနိုင်ရင် နိုင်ငံခြားဝင်ငွေရဖို့ အခွင့်အလမ်းတိုးလာမှာ ဖြစ်ပါတယ်။

ကမ္ဘာကျော် ဟူးကောင်းတောင်ကြားမှာလည်း Ecotourism အတွက် အလွန်မျက်နှာရမယ့် နေရာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစု မျိုးစုံရှိတဲ့ ကချင်ပြည်နယ်ကို ကမ္ဘာလှည့်ခရီးသည်တွေ မျက်စိကျမှာသာဖြစ်ပါတယ်။

**ကချင်ပြည်နယ်မှာ စိန်ခေါ်မှုတစ်ရပ်က လူမှုဖွံ့ဖြိုးမှုဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လာရင် ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ပညာရေးအခွင့်အရေးတွေကို တိုးမြှင့်ဖို့ လိုအပ်လှပါတယ်။ ကချင်ပြည်နယ်မှာရှိတဲ့ ကြွယ်ဝများပြားလှတဲ့ သဘာဝသယံဇာတပစ္စည်းတွေကို ဒေသခံတွေအတွက် အကျိုးအမြတ်ရှိအောင် ဆောင်ရွက်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။ ကချင်ပြည်နယ်နဲ့ပတ်သက်လာရင် လက်ရှိဖြစ်နေတဲ့ ပဋိပက္ခကို မျက်ကွယ်ပြုလို့ မရပါဘူး။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့တဲ့ ပဋိပက္ခကိုဖြေရှင်းနိုင်ဖို့ဟာ အလွန်လိုအပ်နေပါတယ်။ ပြည်နယ်ရဲ့ ဒေသဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်းရေးဟာ အလွန်အရေးပါလှပါတယ်။**

**ကျွန်တော်ဟာ ပဋိပက္ခဖြေရှင်းမှုကို စိတ်ဝင်စားသူတစ်ဦးမို့ အခြေခံလိုအပ်ချက်က တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုတည်ဆောက်မှုဟာ အခြေခံတစ်ခုဖြစ်ပါတယ်။ ယုံကြည်မှုရှိရင် ပေါ်လာမယ့် ရင်ဆိုင်ရမယ့်ပြဿနာတွေကို ဖြေရှင်းနိုင်မှာသာဖြစ်ပါတယ်။ ကုလသမဂ္ဂအသုံးနှုန်းတစ်ခုက "Peace Dividend" ဆိုတဲ့ “ငြိမ်းချမ်းမှုရဲ့ အကျိုးအမြတ်” တွေရနိုင်ဖို့ အလွန်လိုအပ်နေပါတယ်။**

ကျွန်တော်ဆွေးနွေးပြီးတဲ့အခါ ပရိသတ်တွေက သိလိုသမျှတွေကို မေးမြန်းကြပါတယ်။ မေးခွန်းတွေဟာလည်း သိချင်လို့၊ နားလည်ချင်လို့၊ စိတ်ဝင်စားလို့ မေးကြတာမို့ ကျွန်တော် အလွန်ကျေနပ်အားရမိပါတယ်။

အမှန်တော့ ကျွန်တော့်ရဲ့ဆွေးနွေးပွဲတိုင်းဟာ ကိုယ်သိတာကို ပြောတာထက် ပရိသတ်တွေသိလိုတာကို အဖြေပေးနိုင်အောင် ကြိုးစားဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။

အမေးအဖြေကဏ္ဍပြီးချိန်မှာ ပြည်ထောင်စုဝန်ကြီးနဲ့ ဝန်ကြီးချုပ်က ပါဝင်ဆွေးနွေးကြပါတယ်။ အခမ်းအနားမပြီးဆုံးခင် မြစ်ကြီးနားမြို့မှ အများပိုင်ကုမ္ပဏီရဲ့ ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီး၊ ကျွန်တော်နဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေး ဒေါက်တာ မောင်အောင်တို့ကို ဒေသလက်ဆောင်များ ပေးအပ်ခဲ့ပါတယ်။ နာမည်ကြီး ကချင်ခေါင်းပေါင်းရယ်၊ ကချင်လွယ်အိတ်တို့ကို ပေးအပ်ခဲ့ပါတယ်။ ဓားရှည်ရယ်၊ ခေါင်းပေါင်းရယ်၊ ကချင်လွယ်အိတ်တို့ကို ပေးအပ်ခဲ့ပါတယ်။

ကျွန်တော့်ကို ပြည်ထောင်စုဝန်ကြီးက မြစ်ကြီးနားမှာ ဆက်နေစေချင်ပါတယ်။ ဒါပေမယ့် ရန်ကုန်မှာကိစ္စတွေရှိတာမို့ ဆွေးနွေးပွဲပြီးတဲ့အခါ ပြန်ဖို့ပြင်ဆင်ခဲ့ပါတယ်။ နေ့လယ်စာကို တည်းတဲ့ဟိုတယ်မှာပဲ စားပါတယ်။ ကချင်ထမင်းဟင်း စားသောက်ခဲ့ပါတယ်။ ဟိုတယ်ပိုင်ရှင်က ဧည့်ဝတ်ကျေလှပါတယ်။ ရန်ကုန်ပြန်ဖို့ လေယာဉ်ကိုစီးနင်းပြီး မန္တလေးကတစ်ဆင့် ပြန်လည်ရောက်ရှိခဲ့ပါတယ်။

**ခရီးစဉ်ကို ပြန်လည်သုံးသပ်တဲ့အခါမှာ ကချင်ပြည်နယ်ဟာ နီးလျက်နဲ့ဝေးနေပါတယ်။ ရန်ကုန်မြို့နဲ့ နှစ်နာရီကျော်အတွင်း ရောက်နိုင်မယ့်နေရာနဲ့ အခုထက်ပိုပြီး ဆက်သွယ်ဆက်ဆံဖို့ အရေးကြီးမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်ဟာ တရုတ်ပြည်နဲ့ ဆက်သွယ်မှုတွေများတဲ့အတွက် ဒီဆက်သွယ်မှုတွေချောမွေ့အောင် ဒေသခံပြည်သူတွေအတွက် အကျိုးရှိအောင် နည်းလမ်းတွေ ဖော်ထုတ်ဖို့လိုအပ်မှာဖြစ်ပါတယ်။**

ပြည်ထောင်စုဝန်ကြီးရဲ့ စေတနာနဲ့ ဒေသအာဏာပိုင်အဖွဲ့အစည်းတွေရဲ့ စေတနာကို လက်တွေ့ကျကျအကောင်အထည်ဖော်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ပုံစံအများအပြားနဲ့ ပြောင်းလဲနေပါတယ်။ ဆက်သွယ်ရေးကောင်းမွန်တာနဲ့အမျှ ပြည်နယ် ပြည်မ ကွဲပြားခြားနားမှုတွေ ပိုပြီးလျော့နည်းသွားမှာသာ ဖြစ်ပါတယ်။

နှစ်ရက်သာနေခဲ့ရပေမယ့် ကချင်ပြည်နယ်သူ/သားတွေရဲ့ ပွင့်လင်းရိုးသားမှုကို မျက်ဝါးထင်ထင်တွေ့ခဲ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ တတ်နိုင်သမျှဆောင်ရွက်ပေးဖို့ဆန္ဒပြုထားပါတယ်။ ။

## ဖိုးကေ(မန္တလေး)နှင့် အောင်ကျော်ထွန်း(နဂါးမာန်)တို့ မန္တလေးတွင် စိန်ခေါ်ထိုးသတ်မည်

**မန္တလေး နိုဝင်ဘာ ၂**

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဆရာဒဿစီစဉ်ပြီး စွမ်းကေကေက အဓိကကူညီပံ့ပိုးထားသည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို နိုဝင်ဘာ ၂၈ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားရုံ၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့သည် သတ္တိရှိမှု၊ ဝါသနာပါမှု၊ ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းပြီး ဇွဲရှိရှိ၊ သက်လုံကောင်းကောင်းရှိမှ ထိုးသတ်အနိုင်ယူနိုင်မည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့သည် လက်သီးကိုအသုံးပြု၍ ထိုးသတ်သည်ဆိုသော်လည်း ခြေ၊ လက်၊ ဒူး၊ တံတောင်၊ ဦးခေါင်း၊ ခြေဖျားခတ်၊ လက်ဖျံရိုက် စသည်ဖြင့် တစ်ကိုယ်လုံး စွယ်စုံထိုးသတ်နိုင်သည့် အားကစားနည်း ဖြစ်ပေသည်။

ယခုလည်း မြန်မာ့ရိုးရာလက်ဝှေ့ အားကစားတိုးတက်မြင့်မားရေး၊ အားကစားသမားကောင်းများ ပေါ်ထွက်လာရေး၊ နိုင်ငံတကာသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ မြန်မာ့ရိုးရာ လက်ဝှေ့အားကစားကို တန်ဖိုးထားမြတ်နိုးလာစေရေးအတွက် ပွဲကျင်းပရခြင်းဖြစ်သည်ဟု သိရသည်။

ထိုးသတ်မည့် တွဲဆိုင်းများမှာ ဗထူးမောင်(ဗထူး)နှင့် မြွေပွေး-၁(မြွေပွေး)၊ စိန်မျိုးအောင်(ဇာတိမာန်-မန္တလေး)နှင့် တက်လူ(စွမ်းကေကေ-မန္တလေး)၊ ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)နှင့် ဇော်ချစ်အောင်(စွမ်းကေကေ-မန္တလေး)၊ မင်းနိုင်ထွန်း(စွမ်းကေကေ-မန္တလေး)နှင့် သားအောင်ပွဲမောင် (အဖြူရောင်သွေးသစ်)၊ စိန်လုံးချော(ဒို့ညီနောင်-မန္တလေး)နှင့် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)၊ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် သားအသဲတစ်ပွင့်(မတ္တရာ)၊ ဖိုးကေ(မန္တလေး)နှင့် အောင်ကျော်ထွန်း (နဂါးမာန်)တို့အတွဲများ ထိုးသတ်ကြမည်ဖြစ်သည်။ မန္တလေးပရိသတ်စိတ်ကြိုက်တွေ့မည့် ပွဲများကို စီစဉ်ထားသည်ဟုလည်း သိရသည်။



ရုံဝင်ကြေးများမှာ ငွေကျပ်တစ်သောင်း၊ နှစ်သောင်း၊ ငွေကျပ်ရှစ်ထောင်နှင့် ငွေကျပ် ငါးထောင်တို့ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

ပြည်တွင်းသတင်း

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုရှားနိုင်ငံ မော်စကိုမြို့ DME လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ယု နှင့် စစ်သံမှူး ဗိုလ်မှူးချုပ် ရဲနိုင်မျိုးတို့က နှုတ်ဆက်ကြိုဆိုသည်။

ထို့နောက် DME လေဆိပ် ဧည့်ခန်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှား-မြန်မာစစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်ဥက္ကဋ္ဌ Mr.Alexander Fomin နှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သံအမတ်ကြီးဦးတင်ယုနှင့် စစ်သံမှူး ဗိုလ်မှူးချုပ် ရဲနိုင်မျိုးတို့ တက်ရောက်ကြပြီး Mr.Alexander Fomin နှင့်အတူ ဒုတိယဥက္ကဋ္ဌ Mr.Drojjor နှင့် တာဝန်ရှိသူများ တက်ရောက်၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက် လုပ်ဆောင်နိုင်ရေး အပြန်အလှန် ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ယုနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ရဲနိုင်မျိုးနှင့် ဇနီး၊ စစ်သံရုံးမိသားစုဝင်များအား လက်ဆောင်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။ လေဆိပ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Major General Lotenkov၊ နိုင်ငံတော်ကာကွယ်ရေးနှင့် စက်မှုကော်မတီဒုတိယဥက္ကဋ္ဌ Mr.Bykor Igor၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Andrey Grenkivich နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါက်တာအောင်မိုးမြင့်တို့က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လေဆိပ်မှ မော်တော်ယာဉ်များနှင့် ဆက်လက်ထွက်ခွာခဲ့ပြီး ခေတ္တတည်းခိုမည့် President Hotel သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



---

**❋ ရှေ့ဖုံးမှ**

တောင်ဘက်သီရိရတနာမာရ်အောင်ကျောင်းတိုက်မျက်နှာစာရှိ တောင်ကုန်းအခြေတွင် မြေနေရာရှင်းလင်းကာ အမှတ်အသားပြုအလံတိုင်များ စိုက်ထူထားပြီဖြစ်သည်။

ကေဘယ်လ်ကြိုးသွယ်တန်းရာတွင် တာဝါတိုင်များစိုက်ထူမည့်နေရာလေးနေရာကိုလည်း မြေနေရာရှင်းလင်းမှု ပြုလုပ်ထားပြီဖြစ်သည်။ ယင်းနေရာလေးနေရာတွင် တာဝါတိုင်များ စိုက်ထူမည်ဖြစ်ပြီး ရသေ့တောင်ရှိ သီရိရတနာမာရ်အောင်ကျောင်းတိုက်ရှေ့ တောင်ခြေတွင် တစ်တိုင်၊ ရသေ့တောင်မှ ယခင်တောင်တက်လမ်း ကားလမ်းဟောင်းရှိ Golden Rock ဟိုတယ်အနီး တောင်ကျရေစီးထွက်ရာနေရာအနီးတွင် တစ်တိုင်၊ ယင်းမှ ကျိုက်ထီးရိုးစေတီအကြားတွင် တစ်တိုင်နှင့် ကျိုက်ထီးရိုးစေတီ ရင်ပြင်ခြေရင်း တောင်တက်ကားများရပ်ရာ မနီးမဝေး၌တစ်တိုင်စိုက်ထူရန် လောလောဆယ် သတ်မှတ်ထားသည်။

ရသေ့တောင်မှ ကျိုက်ထီးရိုးစေတီသို့ ကောင်းကင်ကေဘယ်လ်ရထားဖြင့် တက်ရောက်ဖူးမြော်နိုင်ရန်အတွက် တောင်ကိုရီးယားကုမ္ပဏီနှင့် ပူးပေါင်းအကောင်အထည်ဖော်နေခြင်းလည်းဖြစ်သည်။ ယခုအခါ တာဝါတိုင်များစိုက်ထူရန် မြေပြင်လေ့လာခြင်း၊ နေရာရွေးချယ်သတ်မှတ်ခြင်း လုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်သည်။

ကောင်းကင်ကေဘယ်လ်ရထားစီမံကိန်းပြီးစီးပါက ပြည်တွင်းသာမက ကမ္ဘာလှည့်ခရီးသွားများအတွက်ပါ ဆွဲဆောင်မှုရှိမည့် အစီအစဉ်သစ်တစ်ရပ် ထွက်ပေါ်လာမည်ဖြစ်သည်။ လောလောဆယ်တွင် ကျိုက်ထီးရိုးစေတီသို့ ကမ္ဘာလှည့်ခရီးသွားလာရောက်မှုမှာ ပြီးခဲ့သည့် အောက်တိုဘာ၌ ဧည့်သည် ၁၀၀၀၀ ကျော်ရောက်ရှိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

**❒ ကျောဖုံးမှ**

တံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅) မှ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ပြောကြားသည်။

ဘုရင့်နောင်တံတားအမှတ် (၂) သည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်သို့ လှိုင်မြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ဘုရင့်နောင်တံတားအမှတ် (၁)အနီးယှဉ်လျက် မြစ်ညာဘက်ပေ ၂၀၀ အကွာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅) က တာဝန်ယူတည်ဆောက်ခဲ့ပြီး တံတားအရှည်မှာ ၁၆၂၈ ဒသမ ၀၃ ပေရှိသည်။ ချဉ်းကပ်တံတားအရှည်မှာ မရမ်းကုန်းဘက်ကမ်း၌ ၈၁၉ ဒသမ ၃၆၄ ပေနှင့် လှိုင်သာယာဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၅၇ ဒသမ ၁၃၄ ပေ စုစုပေါင်းတံတားအရှည် ၄၁၀၄ ဒသမ ၅၃ ပေ ရှည်ကြောင်း သိရသည်။

မော်တော်ယာဉ်တစ်စီး၏ ဝန်အလေးချိန် ၇၅ တန်ခံနိုင်ပြီး တံတားကြီးပေါ်တွင် လေးလမ်းသွားကားလမ်းအကျယ် ၄၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် အကျယ်ခြောက်ပေ၊ ရေလမ်းကင်းလွတ်အကျယ်ပေ ၃၇၀ နှင့်ရေလမ်းကင်းလွတ် အမြင့်မှာ အမြင့်ဆုံးရေတက်အမှတ် ၃၆ပေ ရှိသည်။

တံတားကြီးတည်ဆောက်ရေးစီမံကိန်းကို ၆-၁-၂၀၁၃ ရက် နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ဖွင့်ပွဲကျင်းပနိုင်မည့် နိုဝင်ဘာ ၉ ရက် အထိဆိုလျှင် တံတားတည်ဆောက်ခဲ့သည့်ကာလမှာ တစ်နှစ်ဆယ်လနှင့် သုံးရက်သာကြာခဲ့သည်ဟု သိရသည်။

---

**■ ကျောဖုံးမှ**

ဒုတိယအချီ နှစ်မိနစ် သုံးစက္ကန့်အရောက် စောဖြိုးဝေ၏ခေါင်းတိုက်ချက်ကြောင့် နာဂစ်လေးရှုံးနိမ့်ခဲ့ရပြီး ဝါဆိုကလပ်မှ သားနဂါးမှာမူ ရွှေဒေါနကလပ်မှ သားသားဖိုးခွားကို လက်ရည်အသာဖြင့် ပထမအချီ ၁ မိနစ် ၁၁ စက္ကန့်တွင် အလဲထိုးအနိုင်ရရှိခဲ့သည်။

ဆက်လက်၍ နိုင်ငံတကာ ငါးချီစိန်ခေါ်ပွဲကို ယှဉ်ပြိုင်ကြရာ ၅၇ ကီလိုတန်းတွင် မိဂသီကလပ်မှ မိုးဟိန်းက ဖိလစ်ပိုင် လက်ဝှေ့ကစားသမား ဂျိုနယ်ကို ဒုတိယချီအရောက်တွင် ဂျိုနယ်၏ကန်ချက်ကို ပြန်လည်ခုခံကာကွယ်ရင်း ညာဒူးရိုက်ချက်ဖြင့် အနိုင်ဆုရယူနိုင်ခဲ့သည်။

၆၂ ကီလိုတန်းတွင် ၂၀၁၃ ခုနှစ် ဒဂုံရွှေအောင်လံဆုရှင် ရဲမြတ်အောင်နှင့် ဖိလစ်ပိုင်လက်ဝှေ့ကစားသမား ဘီယွန်ဒီတို့ယှဉ်ပြိုင်ကြရာ ဒုတိယအချီ ၂၄ စက္ကန့်အရောက် ရဲမြတ်အောင်၏အနာခံ အနီးကပ်ခေါင်းတိုက်ချက်ဖြင့် ဘီယွန်ဒီကို အလဲထိုးအနိုင်ရရှိသွားသည်။

၆၅ ကီလိုတန်းတွင် ထော့မဲ့ပါကလပ်အသင်း အားကစားသမားစောအယ်လေးမှာ မွန်ဂိုလီးယားနိုင်ငံသား ၂၀၁၄ World Championship ကြေးတံဆိပ်ဆုရှင် ဘတ်ဘာယာနှင့် အင်အားချင်းမမျှဘဲ ယှဉ်ပြိုင်ကစားရာ စောအယ်လေးမှာ သက်လုံကောင်းသော်လည်း ကမ္ဘာ့ကြေးတံဆိပ်ဆုရှင်၏ အလဲထိုးပူးကပ်တိုက်ခိုက်မှုများအပေါ် ကြာရှည်စွာ မရှောင်တိမ်းနိုင်တော့ခြင်း၊ ကြေးဆုရှင်၏ဝိုက်လက်သီးများကို ပြန်လည်ခုခံရန် ဖြောင့်လက်သီးဝင်ရောက်မှု အားနည်းခြင်း၊ ခြေထောက်ကန်အား လက်သီးတွဲလုံးအသုံးပြုမှုတို့ကို ထိရောက်စွာ မယှဉ်ပြိုင်နိုင်ခြင်းနှင့် နိုင်ငံတကာအတွေ့အကြုံနည်းပါးခြင်းတို့ကြောင့် စတုတ္ထအချီ၏ ၂၉ စက္ကန့်တွင် တစ်ချက်ချင်းကန်ချက်အားပျော့လာကာ ဘတ်ဘာယာ၏လက်သီးတွဲလုံးနှင့် ဘယ်ခြေပတ်ကန်မှုတွင် အရှုံးပေးခဲ့ရသည်။

၆၃ ကီလိုတန်းတွင်မူ အပူးအသတ်နှင့် အတိုက်အခိုက်တို့တွင် အသည်းမာမာ ဇွဲပါပါဖြင့် ကစားရင်း နာမည်ကျော်ကြားလာသူ ရွှေသောင်ရင်းကလပ်မှ ကျားပေါက်က မွန်ဂိုလီးယားနိုင်ငံသား ၂၀၁၃ World Champion- ship ကြေးတံဆိပ်ဆုရှင် ဂန်တိုတော့စ်ကို ပွဲကြည့်ပရိသတ်များ၏ ကြိုတင်ခန့်မှန်းချက်အတိုင်း နှစ်ချီ အပြီးနှင့် ခေါင်းနှင့်ဒူးအားပြင်းကန်ချက်များဖြင့် အလဲထိုးအနိုင်ရရှိခဲ့ပြီး ပရိသတ်အားပေးမှုရရှိခဲ့သည်။

၆၅ ကီလိုတန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ဆုနှင့် ဒဂုံအောင်လံငွေတံဆိပ်ဆုရှင် သပြေညိုနှင့် ထိုင်းနိုင်ငံ ၂၀၁၃ လက်ဝှေ့ချန်ပီယံ နာရွှန်ချိုင်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပရိသတ်အကြိုက်တွေ့ကာ အထူးအားပေးခဲ့သည်။ ပွဲစချိန်တွင် သပြေညို၏ လက်သီးချက်များကြောင့် ထိုင်းကစားသမား အထိနာခဲ့သော်လည်း ချန်ပီယံပီသစွာ ခြေထိုးဝိုက်တံ့ပြန်မှုကို သပြေညိုက ဘယ်လက်ဖြင့် ကာကွယ်ခဲ့ပြီး ညာဝိုက်လက်သီးပြင်းပြင်း ပစ်သွင်းခဲ့ရာ ပထမအချီပွဲစပြီး ၂၈ စက္ကန့်အရောက် ထိုင်းကစားသမား အနားတောင်းယူခဲ့ရသည်။ ပြန်စသည့် ပထမအချီ တစ်မိနစ်နှင့် ၅၄ စက္ကန့်တွင် သပြေညို၏ အပူးအချုပ်ပင့်လက်သီး ထပ်ဆင့်ထိုးချက်များကြောင့် နာရွှန်ချိုင်ကို အလဲထိုးအနိုင်ရရှိသွားသည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲဝင် မွေထိုင်းရွှေတံဆိပ်ဆုရှင်၊ ဒဂုံအောင်လံဆုရှင် တူးတူး(မြန်မာ)နှင့် မွေထိုင်းလက်ဝှေ့ချန်ပီယံဆုရှင် ဘရာဇီးနိုင်ငံမှ မားသီးယပ်စ်ရော်ဘင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီတွင် လက်ရည်တူနေသဖြင့် ပရိသတ်များ အားမလိုအားမရဖြစ်ခဲ့ရသော်လည်း ဒုတိယအချီအရောက် မွေထိုင်းချန်ပီယံ၏ ညာဖြောင့်လက်သီးက တူးတူး၏ ညာဘက်ချိုစောင်းကို ထိခဲ့ပြီး ပထမအချီ၌ ညာလက်ဒဏ်ရာရရှိကာ ပြီးဆုံးခဲ့သည်။

ဒုတိယအချီတွင် မွေထိုင်းကစားသမားက ခြေထောက်နှင့် ဘယ်လက်အားကိုသုံးကာ ကန်ကွက်စိပ်စိပ်ဖြင့် တူးတူးကို တုံ့ပြန်ခဲ့သော်လည်း တတိယအချီ စစချင်းပင် ပင့်လက်သီးများဖြင့် မားသီးယက်စ်ကို အနိုင်ယူခဲ့သည်။

နောက်ဆုံးပွဲစဉ်အဖြစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်းနှင့် ၂၀၁၃ ခုနှစ် ကမ္ဘာ့ဝိတ်တန်းချန်ပီယံ ကနေဒါမှ မက်သရူးတို့ ယှဉ်ပြိုင်ထိုးသတ်ရာ မြန်မာ့လက်ဝှေ့ကို ဟန်ရေးကောင်းစွာ ပြတတ်သော မက်သရူးကို ပရိသတ်များ ဩဘာပေးခဲ့ကြပြီး ပရော်ဖက်ရှင်နယ်ပီသစွာ ကစားသွားခဲ့သော်လည်း ဇွဲသတ္တိနှင့် သက်လုံကောင်းသည့် မြန်မာက အနိုင်ရရှိခဲ့သည်။

“မက်သရူးရဲ့ ပတ်တံတောင်က အလွန်အင်အား ကောင်းပါတယ်။ ထွန်းထွန်းမင်း အတော်ခံလိုက်ရတယ်။ ပထမအချီမှာ ထွန်းထွန်းမင်းကို မက်သရူးက အသာစီးရနေတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ မြန်မာလက်ဝှေ့သမားတွေရဲ့ အားသာချက်အတိုင်း သက်လုံကောင်းခဲ့တယ်။ အနာခံလို့ ထိုးချက်တွေကို ခံပြီး မက်သရူးရဲ့ နောက်ပြန်ညာခြေကန်ချက်ပြင်းတွေကို မထိခိုက်အောင် ရှောင်နိုင်ခဲ့တယ်။ ဒုတိယအချီမှာလည်း ထွန်းထွန်းမင်း အတင့်ရဲ မဝင်နိုင်ဘူး ဖြစ်နေတာတွေ့ရတယ်။ ဒါပေမယ့်လည်း မက်သရူးရဲ့ အားနည်းချက်က အထိမခံနိုင်တာကို သိလာတဲ့အခါ အပူးအသတ်တွေနဲ့ အဖြောင့်လက်သီးနှစ်ဆင့်ထိုးသုံးလို့ ဒုတိယအချီ ၁ မိနစ် ၁၄ စက္ကန့်မှာ မက်သရူးကို အလဲထိုးအနိုင်ယူခဲ့ပါတယ်” ဟု T& T လက်ဝှေ့ကလပ်မှ တာဝန်ရှိသူ ကိုဇေယျာက ပြောကြားသည်။

**(မြန်မာ့အလင်း)**

---

**❀ ကျောဖုံးမှ**

လူမျိုးများမှာ ခြင်းလုံးအားကစားနည်းကို ဝါသနာအရ ကစားသူများရှိသလို၊ ကျန်းမာရေးအတွက် ကစားသူများလည်းရှိကြောင်း၊ မြန်မာ့အားကစားနည်းစစ်စစ်ဖြစ်သည့် ခြင်းလုံးအားကစားနည်းကို အာဆီယံအဆင့်၊ အာရှအဆင့်သာမက ကမ္ဘာ့အဆင့် ရောက်ရှိအောင်ပါ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ နှစ်ပေါင်း ၄၀ ကျော်မှ ကျင်းပခွင့်ရရှိသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းကို ကျင်းပနိုင်ခဲ့သလို၊ အာရှအဆင့်ပြိုင်ပွဲကို ယခု ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲတွင် ကျင်းပခွင့်ရရှိရန်အတွက် အခြားနိုင်ငံများကို လိုက်လံစည်းရုံးခဲ့ရပြီး အချိန်နှင့်ငွေကြေးများစွာ ကုန်ကျခဲ့သော်လည်း နိုင်ငံအတွက် ဖြစ်တာကြောင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ခဲ့၍ ဝမ်းသာမိကြောင်း၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ရှေ့တစ်လှမ်းတက်ပြီး အာရှနိုင်ငံများသို့ ရောက်ရှိအောင် လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကို အာရှဒေသတွင်းမှ စိတ်ပါဝင်စားသည့် ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယတို့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပါကစ္စတန်အသင်းမှာ လေယာဉ် လက်မှတ်အခက်အခဲကြောင့် ပြိုင်ပွဲမဝင်နိုင်ခြင်းဖြစ်ကြောင်း၊ တောင်အမေရိကမှ ဘရာဇီးအသင်းမှာလည်း ယခုပြိုင်ပွဲကို ဧည့်သည်အသင်းအဖြစ် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အာရှအဆင့်ပြိုင်ပွဲကို ကျင်းပနိုင်ခြင်းကြောင့် မြန်မာနိုင်ငံကို ကမ္ဘာက သိအောင်လုပ်နိုင်ခဲ့သလို မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာမှုကိုလည်း ပြသနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏အေးချမ်းမှုကို တွေ့မြင်ရလျှင် ကမ္ဘာလှည့်ခရီးသွား များပိုမိုများပြားနိုင်သလို၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမို ဝင်ရောက်လာနိုင်ကြောင်း၊ အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားနိုင်ငံများတွင်လည်း ကျင်းပနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ယခုထက်ပိုမိုတိုးတက်အောင်နှင့် နိုင်ငံအနှံ့အပြားတွင် ကျယ်ပြန့်လာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဦးစိုးနိုင်သည် အာရှခြင်းလုံးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူလည်း ဖြစ်သည်။

● ရှေ့ဖုံးမှ

ရိတ်သိမ်းနေမှုနှင့် ခေတ်မီလယ်ထွန်စက်များဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုကာ အလျင်လိုကျေးရွာမှ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ပုလဲသွယ်စပ်မျိုးစပါး မိုးစပါးစိုက်ကွင်းများနှင့် မျိုးစေ့ထုတ်စိုက်ခင်း ဝတ်မှုန်ကူးပွဲတော်အား ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ရှင်းလင်းဆောင်ခန်းမ၌ ဒုတိယသမ္မတ ဦးညွန့်ထွန်းအား လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေမှုနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြရာတွင် တစ်နိုင်ငံလုံး၏ စိုက်ပျိုးဧကပမာဏနှင့် နှိုင်းယှဉ်တွက်ချက်ပါက ယနေ့အထိ ဆောင်ရွက်နိုင်မှုပမာဏသည် နည်းနေသေးသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဟန်ချက်ညီစွာ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဆိုလျှင် တောင်သူလယ်သမားများအတွက် ဝင်ငွေနှစ်ဆ တိုးတက်လာစေပြီး ဆင်းရဲနွမ်းပါးမှုကို ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး/ပြည်နယ်အလိုက် စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ တိုးတက်စိုက်ပျိုးဆောင်ရွက်နေမှု၊ ဂရိတ်ဝေါကုမ္ပဏီ၊ နယူးရောကုမ္ပဏီနှင့် မြတ်အိန္ဒြေကုမ္ပဏီတို့မှ တာဝန်ရှိသူများက ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက စက်မှုလယ်ယာစနစ်ကူးပြောင်းရေးအတွက် သမဝါယမ၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များ အသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဆန်အရည်အသွေးကောင်းမွန်ရန် ခေတ်မီဆန်စက်ကြီးများ ထူထောင်ရေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တောင်သူ လယ်သမားများဘဝ တိုးတက်ရန်အတွက် မြေပုံစံပြောင်းလဲခြင်း၊ စိုက်နည်းစနစ်မှန်ကန်ခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိခြင်း၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းနှင့် တိုးတက်ကြီးပွားလိုသည့် စိတ်ဆန္ဒရှိခြင်းတို့ လိုအပ်ပါကြောင်း၊ ထို့ပြင် ဝင်ငွေတိုးတက်ရရှိစေရန်အတွက် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ဘိုးဘွားအမွေအနှစ်ရွှေဖြစ်သည့် လယ်ယာမြေများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေပေးနိုင်ရေး ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး စိုက်ပျိုးရေး ပညာရှင်များက ပံ့ပိုးကူညီဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့်မှာကြားပြီး ဧက ၄၄၀ တောင်သူပညာပေး စံပြစိုက်ကွင်းမှ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဝတ်စုံများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ဝန်ထမ်းများနှင့် ကောက်စိုက် လုံမေများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာသည့် တောင်သူ လယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် မျိုးစေ့နှင့် သစ်သီးဝလံများ၊ မျိုးစေ့သန့်စင်စက်ဖြင့် စပါးမျိုးစေ့သန့်စင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အလျင်လိုကျေးရွာမှ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

## ပြည်တွင်းသတင်း



ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညွန့်ထွန်း ခင်းကျင်းပြသထားသည့် သစ်သီးဝလံများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# Super Series Myanmar 2014 - 2015
# ပိုက်ကျော်ခြင်းပြိုင်ပွဲ ထိုင်း အမျိုးသား၊အမျိုးသမီးဗိုလ်စွဲ

သတင်းနှင့်ဓာတ်ပုံ
ကိုကိုစိုးညွန့်

နေပြည်တော် နိုဝင်ဘာ ၂

**မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းအဖွဲ့ချုပ် (ISTAF) ၏ Super Series Myanmar 2014 - 2015 ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများနှင့် တတိယနေရာလုပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပရာ ထိုင်း အမျိုးသား၊ အမျိုးသမီးအသင်းတို့ အနိုင်ရဗိုလ်စွဲခဲ့ကြပြီး မြန်မာအမျိုးသား၊ အမျိုးသမီးအသင်းတို့မှာ တတိယရရှိခဲ့ကြသည်။**



အမျိုးသားဗိုလ်လုပွဲတွင် ထိုင်းက မလေးရှားကို (၂၂-၂၀) (၁၈-၂၁) (၂၃-၂၁)မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးဗိုလ်လုပွဲတွင် ထိုင်းက ဗီယက်နမ်ကို (၂၁-၁၈) (၂၁-၁၃)မှတ်ဖြင့် လည်းကောင်း အနိုင်ရဗိုလ်စွဲပြီး အမျိုးသားတတိယနေရာလုပွဲတွင် မြန်မာက စင်ကာပူကို (၂၁-၁၈) (၂၁-၁၃)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး တတိယနေရာလုပွဲတွင် မြန်မာကအင်ဒိုနီးရှားကို (၂၁-၁၉)(၂၂-၂၄) (၂၁-၁၆)မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ချန်ပီယံဆုဖလားများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းကပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုတံဆိပ်များပေးအပ်ခဲ့သည်။

# ပြင်သစ်စက်မှုလုပ်ငန်းရှင်များကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြင်သစ်နိုင်ငံ စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (Movement des enterprises de France-MEDEF)မှ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒများနှင့် စီးပွားရေးဆိုင်ရာမူဝါဒများ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံတွင် ဦးစားပေးဆောင်ရွက်လျက်ရှိသောကဏ္ဍများနှင့် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်နေမှုများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရှင်းလင်းပြောကြားခဲ့ပြီး ပြင်သစ်နိုင်ငံ စက်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (Movement des enterprise de France-MEDEF) ကိုယ်စားလှယ်အဖွဲ့မှ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်ကဏ္ဍ၊ ဘိလပ်မြေကဏ္ဍ၊ အင်ဂျင်နီယာကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းဆိုင်ရာတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက် ရှိသော ASEAN SingleWindow Project တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ယခုကဲ့သို့ ဆွေးနွေးပွဲကျင်းပခြင်းဖြင့် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုတိုးမြှင့်နိုင်ခြင်း၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ခြင်းနှင့် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည့်အတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာကာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုများကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**မိုးလေဝသ အခြေအနေ**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# အငြိမ်းစားဥပဒေအရာရှိများအသင်းဖွဲ့စည်းရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၂**

အငြိမ်းစားဥပဒေအရာရှိများအသင်းဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ အငြိမ်းစားဥပဒေအရာရှိများဖြစ်ကြသော ဦးခင်အောင်၊ ဦးဟန်ညွန့်၊ ဦးအောင်သန်းစိုး၊ ဦးဟန်ထူး၊ ဦးမောင်မောင်ခင်၊ ဦးဝင်းမြင့်၊ ဦးခင်ဇော်၊ ဦးမြသန်း၊ ဦးအုန်းမြင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အငြိမ်းစား ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။ အငြိမ်းစားဥပဒေအရာရှိများအသင်းဖွဲ့စည်းပုံစည်းမျဉ်း(မူကြမ်း)ကို တက်ရောက်သူများက ဆွေးနွေးခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# ဆန်စပါးအထွက်တိုးစေမည့် မျိုးမှန်၊ အရည်အသွေးမှန် မျိုးစေ့ဝတ်မှုန်ကူးပွဲဆင်နွှဲ

သတင်းဆောင်းပါး
မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)
ဓာတ်ပုံ-သန်းဦး(လေးမျက်နှာ)၊
ရွှေကိုလေး

**သတ္တလောကတွင်ဖြစ်တည်နေသည့် သစ်ပင်ပန်းပင်တို့မှာလည်း ဆောင်းလေပြည်နှင့်အတူ လောကသဘာဝ အဖို၊ အမ ပေါင်းကူးယှက်နွယ်ကြသဖြင့် အရပ်ရှစ်မျက်နှာတစ်ခွင်လုံး ပန်းပေါင်းစုံရနံ့တို့ဖြင့် ထုံသင်းလျက်ရှိပေသည်။ အဆိုပါရနံ့တို့နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မျိုးစေ့ထုတ်စံပြစိုက်ကွင်းများ၌ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး၏ အဖိုလိုင်း အမလိုင်း ဝတ်မှုန်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲဆင်နွှဲလျက်ရှိပေသည်။ အဆိုပါဝတ်မှုန်ကူးပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုကြားသိခဲ့ရသည်။**

**ဦးဇော်စိုင်းတောင် (နယူးဧရာကုမ္ပဏီ)**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်နေတဲ့အပြင် မြန်မာ-တရုတ် စပ်မျိုးစပါး ကျွမ်းကျင်ပညာရှင်တွေနဲ့ပူးပေါင်းပြီး ပုလဲသွယ်



စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ဆောင်ရွက်နေပါတယ်။ အခုလက်ရှိမှာတော့ နေပြည်တော်မှာ ဧက ၁၀၀ နဲ့ မန္တလေးတိုင်းဒေသကြီးမှာ ဧက ၈၀ မျိုး ထုတ်တဲ့လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဝတ်မှုန်ကူးပွဲတွေကို ဆောင်ရွက်ပေးခြင်းဖြင့် ဆန်စပါးစိုက်ပျိုးသူ တောင်သူများ လက်ဝယ်ကို မျိုးမှန်၊ အရည်အသွေးမှန်၊ အထွက်နှုန်းမှန်တဲ့ စပါးမျိုးစေ့တွေကို ရောက်ရှိမှာဖြစ်သလို နိုင်ငံတော်ရဲ့ ဆန်စပါး ထွက်ရှိနှုန်းကလည်း တိုးတက်လာမှာဖြစ်ပါတယ်။ အခုလိုမျိုး ပုဂ္ဂလိက ကုမ္ပဏီတွေအနေနဲ့ နိုင်ငံတော်နဲ့ တောင်သူလယ်သမားများ အကျိုးအတွက် အခုထက် ပိုမိုပါဝင်ဆောင်ရွက်ဖို့ရှိပါတယ်။

**ဦးလှမြင့် (ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး)**



ဒီလိုလူအားနဲ့ ဝတ်မှုန်ကူးပေးနိုင်တဲ့အတွက် အဖိုလိုင်းက ဝတ်မှုန်တွေဟာ အမလိုင်းပေါ်ကို ပိုမိုကျရောက်လာမှာဖြစ်ပြီး အမလိုင်းရဲ့ မျိုးစေ့ထုတ်လုပ်မှု စွမ်းရည်က ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအနေနဲ့ အခုလို ဝတ်မှုန်ကူး စပ်မျိုးစပါးစေ့ထုတ်လုပ်မှုအတွေ့အကြုံ သုံးနှစ်ရှိပါပြီ။ တစ်နှစ်ထက် တစ်နှစ် တစ်ဧကစပါးအထွက်နှုန်းကလည်း တိုးတက်လာနေပါတယ်။

**ဦးစောခရစ္စတိုဖာ(ကရင်ပြည်နယ်)**



အစိုးရသစ် လက်ထက်မှာ နိုင်ငံတော်ရော၊ ဌာနတွေပါ တောင်သူတွေနဲ့ လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်ကြတဲ့အတွက် တင်း ၁၀၀ အထက် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါပြီ။ အရင်ကထက် စနစ်တကျ ပိုမိုစိုက်ပျိုးလာနိုင်ကြတဲ့အတွက် အခုဆိုရင် စပါးခင်းတွေကို စိမ်းစိမ်းစိုစိုနဲ့ တွေ့မြင်နေရပါတယ်။ ကရင်ပြည်နယ်မှာရှိတဲ့ တောင်သူတွေဆိုရင် သုံးနှစ်ကျော်ကာလကထက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့ပြီး စနစ်တကျ စိုက်ပျိုးလာနေကြပါတယ်။ အခုနှစ်ပိုင်းအတွင်းမှာ တောင်သူတွေအနေနဲ့ လက်မှုလယ်ယာစနစ်ထက် ထွန်ယက်စိုက်ပျိုးချိန်ကနေ ရိတ်သိမ်းချိန်အထိ စက်တွေသုံးလာတာ တွေ့ရပါတယ်။ ဒါတွေက စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုနဲ့ ပုလဲသွယ်စပ်မျိုးစပါးရဲ့ အရည်အသွေး ကောင်းမှုတွေကြောင့် ဖြစ်ပါတယ်။

**ဦးရဲမင်းအောင် (မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)**

အသင်းချုပ်အနေနဲ့ အခုလို ဆန်စပါးမျိုးတွေ ထွက်ရှိလာမှုကို ကြိုဆိုပါတယ်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်မှာ တောင်သူတွေအတွက် အရေးကြီးတဲ့ သိုလှောင်ကြိတ်ခွဲထုပ်ပိုးမှုလုပ်ငန်းအပိုင်းတွေမှာ ပါဝင်ကူညီဆောင်ရွက်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ အခုလက်ရှိမှာတော့ နေပြည်တော်မှာဆိုရင် အဆင့်မြင့်ဆန်စပါးကြိတ်ခွဲစက်နဲ့ သိုလှောင်ရုံတွေကို စတင်တည်ဆောက်နေပါပြီ။ မကြာမီမှာ ပြီးစီးတော့မှာဖြစ်ပြီး ဆန်စပါးဈေးနှုန်း တည်ငြိမ်ဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။

**ဦးမြတ်သူ (မြတ်အိန္ဒြေကုမ္ပဏီ)**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်နဲ့ နတ်တလင်းမြို့နယ်တွေမှာ ပုလဲသွယ်စပ်မျိုးစပါးတွေကို ထုတ်လုပ်နေပြီး တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေကို ဖြန့်ဖြူးပေးနေပါတယ်။ အလားတူပဲ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာပါ ထုတ်လုပ်ဖြန့်ဖြူးပေးဖို့ ဆောင်ရွက်နေပါတယ်။

**ဦးခင်မောင်အေး (မြန်မာနိုင်ငံ ဇဟိုသမဝါယမအသင်း)**

တောင်သူလယ်သမားတွေကို လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ဖို့အတွက် ကိုရီးယားနိုင်ငံက လယ်ထွန်စက်တွေကို သက်သာတဲ့ဈေးနှုန်းနဲ့ ဝယ်ယူတင်သွင်းခွင့်ရရှိခဲ့ပါတယ်။ အဲဒီလယ်ထွန်စက်တွေကို တောင်သူလယ်သမားတွေအတွက် သက်သာတဲ့ဈေးနှုန်းနဲ့ ဖြန့်ဖြူးပေးသွားဖို့ စီစဉ်နေပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့စိုက်ပျိုးစရိတ်ချေးငွေတွေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကိုပါ ပံ့ပိုးပေးသွားဖို့လည်း ရှိပါတယ်။

**ဦးနိုင်ကြည်ဝင်း (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ပြီးလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေးအတွက် မျိုးပြောင်းလဲ ထုတ်ဖို့လိုပါတယ်။ မျိုးပြောင်းလဲထုတ်မှလည်းတောင်သူတွေ အထွက်နှုန်းကောင်းပြီး ဝင်ငွေကောင်းကောင်းရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် စပ်မျိုးစပါးနည်းပညာကို ကျွန်တော်တို့နိုင်ငံရဲ့ တောင်သူတွေ၊ ဝန်ထမ်းတွေ၊ ကုမ္ပဏီတွေရရှိနိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်။ အခုလို ထုတ်လုပ်ဖြန့်ဖြူးပေးတာဆိုရင် သုံးနှစ်ကျော်ပါပြီ။ စပ်မျိုးစပါး ထုတ်လုပ်မယ်ဆိုရင် အဖိုဝတ်မှုန်၊ အမဝတ်မှုန်နဲ့ အဖိုပင်နဲ့ အမပင်လိုအပ်ပါတယ်။ စပ်မျိုးစပါးအမပင်မှာဆိုရင် အဖိုမြို့ပါတယ်။ သာမန်အားဖြင့်ဆိုရင်တော့ မအောင်ပါဘူး။ ဒါကြောင့် အမပင်ပေါ်ကို အဖိုဝတ်မှုန်ကူးပေးဖို့ လိုအပ်တဲ့အတွက် ဒီကနေ့လို လူအင်အားနဲ့ ဝတ်မှုန်ကူးပေးခြင်း ဖြစ်ပါတယ်။

ဝတ်မှုန်ကူးမယ်ဆိုရင် အဖိုပင်ရဲ့ ဝတ်မှုန်ပေါက်ကွဲချိန် နံနက် ၉ နာရီကနေ စတင်ပြီး တစ်ကြိမ်ကို နာရီဝက်ခြားကာ ငါးကြိမ်ခန့်လုပ်နိုင်ပါတယ်။ တစ်ရာသီကို ၁၄ ကြိမ်ခန့် လုပ်ဆောင်ပေးနိုင်ပါတယ်။ ဝတ်မှုန်ကူးစနစ် မှန်ကန်မယ်ဆိုရင်တော့ အောင်မြင်တဲ့ အက်ဖ်(စ်)ဝမ်းမျိုးစေ့တွေ ရရှိမှာဖြစ်ပါတယ်။ အခုနှစ်မိုးရာသီမှာ မျိုးစေ့ထုတ်လုပ်ငန်းကို တစ်နိုင်ငံလုံးမှာဧက ၈၀၀ ကျော် ဆောင်ရွက်ထားပါတယ်။ ဝတ်မှုန်ကူး



ပွဲတွေကိုတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အခုဆိုရင်တစ်ပြိုင်နက်တည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။

စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းတွေကို တောင်သူတွေ၊ ပုဂ္ဂလိကနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်။ မျိုးစေ့ထုတ်လုပ်ငန်းက တစ်ဧကကို ၁၅ သိန်းကျော်ကုန်ကျမှာ ဖြစ်ပြီး တစ်ဧက တင်း ၅၀ ထွက်ရှိပါက ဝင်ငွေ ကျပ် သိန်း ၃၀ ရရှိမှာ ဖြစ်တဲ့အတွက် အကျိုးအမြတ် ၁၅ သိန်း ကျန်မှာ ဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးရင်လည်း တစ်ဧကကို တင်း ၂၀၀ ကျော် အထက် ထွက်ရှိမှာဖြစ်တဲ့အတွက် စိုက်ပျိုးသူ တောင်သူတွေလည်း အကျိုးရှိပါတယ်။ ဒါကြောင့်ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းတွေကို တစ်နိုင်ငံလုံးမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့ရှိပါတယ်။

**ဦးမြင့်လှိုင် (ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

နိုင်ငံတော်သမ္မတကြီး မိန့်ခွန်းတွေမှာ မကြာခဏ ထည့်သွင်းပြောကြားနေသလိုပဲ မြန်မာနိုင်ငံက မြေသယံဇာတ၊ ရေသယံဇာတ အင်မတန်ကြွယ်ဝပါတယ်။ သဘာဝရာသီဥတုကလည်းစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့အပြင် အင်မတန်ရိုးသားဖြူစင်လှပြီး အလုပ်ကြိုးစားတဲ့ လယ်ယာလုပ်သားတွေလည်း လုံလောက်ပြည့်စုံတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒီမြေသယံဇာတ၊ ရေသယံဇာတ၊ သဘာဝရာသီဥတု အခြေအနေပေးမှုတွေကို တောင်သူလယ်သမားတွေရဲ့ လုပ်အားတွေနဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ကျွန်တော်တို့ လယ်ယာကဏ္ဍက လျင်လျင်မြန်မြန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလားအလာကောင်းတွေ များစွာရှိမှာဖြစ်ပါတယ်။



သို့သော်လည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ ထွက်လာတဲ့ လယ်ယာထုတ်ကုန်တွေကို နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်ရောင်းချနိုင်ဖို့ အရည်အသွေးမြင့်တင်ပေးဖို့ လိုအပ်ပါတယ်။ အရည်အသွေးမြင့်တင်နိုင်ဖို့အတွက် ဒီနေ့လို ခေတ်မီနည်းပညာတွေ နဲ့ တီထွင်ဆန်းသစ်ထားတဲ့ စိုက်ပျိုးရေးနည်းပညာတွေ တောင်သူလယ်သမားတွေဆီကို အကြံပြုပေးဖို့၊ နောက်တစ်ခါ တောင်သူလယ်သမားတွေအတွက် လယ်ယာလုပ်ငန်းခွင်မှာ ကျွဲ၊ နွားနဲ့ စိုက်ပျိုးလုပ်ကိုင်နေတဲ့ဘဝကနေပြီး စက်မှုလယ်ယာကိုကူးပြောင်းပေးနိုင်ဖို့ သမ္မတကြီးရဲ့ လမ်းညွှန်ချက်ကို ဒီနေ့ လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ အခြေအနေတွေကို ပြသဖို့ကျင်းပတဲ့ အခမ်းအနားဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အရင်က မိုးရေကိုသာမျှော်ကိုးပြီး တစ်ရာသီ တစ်နှစ်ကို တစ်သီးတောင် မသေချာတဲ့ လယ်သမားတွေရဲ့ဘဝကို ဒီနေ့ မြစ်ရေတင်စီမံကိန်းတွေ၊ ဆည်စီမံကိန်းတွေကြောင့် စိုက်ပျိုးရေတွေကို အလုံအလောက်ပေးနိုင်ခြင်းဖြင့် တစ်နှစ်ကို နှစ်သီး၊ သုံးသီး စိုက်နိုင်မယ်၊ လယ်သမားတွေကြိုးစားရင် ကြိုးစားသလောက် ဝင်ငွေတွေ နှစ်ဆ၊ သုံးဆ တိုးတက်ဖို့ သေချာတဲ့ ကဏ္ဍဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံရဲ့ အလုပ်အကိုင်ရှားပါးတယ်ဆိုတဲ့ ပြဿနာတွေကို လယ်ယာလုပ်ငန်းတွေမှာ တကယ်တိုးတက်အောင် သမ္မတကြီး လမ်းညွှန်ချက်အတိုင်း ပြုပြင်ပြောင်းလဲရေးတွေကို တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ဝန်းလုံး ပျံ့နှံ့အောင် ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ဒီနေ့ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို လျင်လျင်မြန်မြန်၊ ထုထည်ပမာဏကြီးကြီးနဲ့ ဖော်ဆောင်ပေးနိုင်မှာက လယ်ယာကဏ္ဍပဲ ဖြစ်ပါတယ်။

ဒီလိုပါပဲ အခြေခံတောင်သူလယ်သမားတွေရဲ့ ဝင်ငွေတိုးတက်အောင် ဖန်တီး ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ဒီနေ့နိုင်ငံတော်အစိုးရသစ်ကို ပြည်သူတွေတောင့်တနေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကိုလည်း လက်တွေ့အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ဒါတွေကို ခြုံငုံလိုက်ပြီးမှ သမ္မတကြီးလမ်းညွှန်ထားတဲ့ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ လယ်ယာမြေကို ထွန်ယက်စိုက်ပျိုးသည်မှ ဈေးကွက်ထဲကိုတင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်ခုလုံး မြေယာပြုပြင်သည်မှ မျိုးစေ့ချမယ်၊ စိုက်ပျိုးမယ်၊ ရိတ်သိမ်းမယ်၊ အခြောက်ခံမယ်၊ ခြွေလှေ့မယ်၊ ခေတ်မီစက်ကြီးတွေနဲ့ ကြိတ်ခွဲမယ်၊ ထွက်လာတဲ့ သီးနှံတွေကို အဆင့်မြင့်တင်ပြီး နိုင်ငံခြားဈေးကွက်ကို တင်ပို့ရောင်းချမယ်ဆိုတဲ့ အစအလယ်အဆုံး လုပ်ငန်းစဉ်တစ်ခုလုံးကို လက်တွေ့ပြသဆောင်ရွက်တဲ့ အခမ်းအနားဖြစ်ပါတယ်။

စပ်မျိုးစပါး ဆိုတာကတော့ စပ်မျိုးနည်းပညာတွေက အင်မတန်အထွက်နှုန်းကောင်းတဲ့ အဖိုလိုင်း၊ အရည်အသွေးကောင်းတဲ့ အမလိုင်း၊ အထွက်နှုန်းရော အရည်အသွေးရောကောင်းတဲ့ အဖိုလိုင်း၊ အမလိုင်းတွေကို မျိုးစပ်ထားတဲ့၊ နည်းပညာဖြစ်ပါတယ်။ သာမန်မြန်မာမျိုး ဝက်တစ်ကောင်ကို အသားထွက်နှုန်းနဲ့၊ ကြီးထွားနှုန်း အင်မတန်ကောင်းတဲ့ မျိုးတွေနဲ့ရောလိုက်မယ်ဆိုရင်၊ အသားထွက်နှုန်းကောင်း၊ ကြီးထွားနှုန်းမြန်တဲ့ မျိုးတွေဖြစ်လာမယ်။ သီးနှံတွေမှာလည်း ဒီအတိုင်းပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းတဲ့ မိဘမျိုးနှစ်မျိုးကို စပ်လိုက်တဲ့အခါ ထွက်လာတဲ့စပ်မျိုးစပါးက အလွန်ထူးချွန်ပြီး ဈေးကွက်ဝင်တဲ့ သီးနှံတွေ ထွက်လာမှာဖြစ်ပါတယ်။

ဒီနည်းပညာက လွန်ခဲ့တဲ့ ဆယ်စုနှစ် အတန်ကြာကတည်းက ကျွန်တော်တို့နိုင်ငံကို ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီနည်းပညာတွေကို တရုတ်နိုင်ငံမှ မစ္စတာယန်လုံပင်းဆိုတဲ့ တရုတ်စပ်မျိုးပညာရှင်ကစပြီး ဖော်ဆောင်ပေးခဲ့တယ်။ အရင်ကဆို ဒီလို စပ်မျိုးနည်းပညာမရှိတဲ့အတွက် တရုတ်နိုင်ငံက အစာပြတ်လပ်မှုကြောင့် လူဦးရေသန်းနဲ့ချီပြီး သေဆုံးမှုတွေရှိခဲ့တယ်။ အလားတူပဲ အိန္ဒိယနိုင်ငံမှာလည်း အိန္ဒိယနိုင်ငံရဲ့ ဖခင်ကြီးလို့ တင်စားပြီး ဒီနေ့ထိအောင် ကျော်ကြားနေတဲ့ ဒေါက်တာဆွာမိနသန်က စပ်မျိုးနည်းပညာတွေနဲ့ အိန္ဒိယနိုင်ငံကို ကမ္ဘာမှာနံပါတ်တစ် ဆန်စပါးတင်ပို့တဲ့နိုင်ငံ ဖြစ်အောင် ဖော်ဆောင်နိုင်ခဲ့တာ ဒီစပ်မျိုး နည်းပညာတွေနဲ့ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဒီပညာရှင်ကြီးတွေကိုယ်တိုင် မြန်မာသုတေသနပညာရှင်တွေနဲ့ ယခင်ကတည်းကလည်း တွေ့ခဲ့တယ်။ အခုအစိုးရသစ်လက်ထက်မှာလည်း အကြိမ်များစွာ ထိတွေ့ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်အတွက် ကွက်လပ်တစ်ခုလိုဖြစ်နေတဲ့ အရည်အသွေး၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ၊ တိုင်းပြည်ရဲ့ စားရေရိက္ခာဖူလုံမှုကို အာမခံနိုင်တဲ့ ဒီမျိုးတွေကို ကျွန်တော်တို့နိုင်ငံမှာ အင်တိုက်အားတိုက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေ အနေနဲ့ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတွေကလည်း ဗီယက်နမ်၊ တရုတ်တို့နဲ့ ပူးပေါင်းပြီး စပ်မျိုးနည်းပညာတွေနဲ့ ဆန်စပါးထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်ထဲကို ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရာသီဥတုကောင်းတယ်၊ လူတွေ အလုပ်ကြိုးစားတယ်၊ ပညာရှင်တွေ အထိုက်အလျောက်ရှိတယ်၊ အတွေ့အကြုံရှိတယ်စတဲ့ အားသာချက်တွေ ရှိပါတယ်။ ဒါ့အပြင် အစိုးရသစ်လက်ထက်မှာ သမ္မတကြီးဦးဆောင်တဲ့ ပြုပြင်ပြောင်းလဲရေးတွေကြောင့် နိုင်ငံတကာနယ်ပယ်ကလည်း အထောက်အပံ့အကူအညီတွေ လာနေပါတယ်။ အိန္ဒိယနိုင်ငံက စပ်မျိုးပညာရှင်ဒေါက်တာဆွာမိနသန်တို့လို၊ တရုတ်နိုင်ငံက စိုက်ပျိုးရေးကုမ္ပဏီတွေက ဒီမှာလာပြီး ပူးပေါင်းဆောင်ရွက်နေတဲ့အတွက် နည်းပညာကလည်း တစ်နိုင်ငံလုံး အလျင်အမြန်ပျံ့နှံ့ဖို့ အလားအလာကောင်းတယ်လို့ ပြောကြားလိုပါတယ်။

အစ္စရေးနိုင်ငံအနေနဲ့ မြေသယံဇာတ နည်းပါးပြီး အကန့်အသတ်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ သူတို့နိုင်ငံမှာ မြေလည်းရှားတယ်၊ ရေလည်းရှားတယ်၊ ပညာရှင်တွေ အင်မတန်ထွန်းကားတဲ့အတွက်ကြောင့် မြေနည်းနည်းလေးမှာ ခေတ်မီနည်းတွေနဲ့ စိုက်ပျိုးထုတ်လုပ်ပြီး ဥရောပနိုင်ငံအပါအဝင် ကမ္ဘာ့ဈေးကွက်ကို အသီးအနှံတွေနဲ့ ဟင်းသီးဟင်းရွက်တွေ တင်ပို့ရောင်းချနေတဲ့ ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒီနိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးပညာရှင်တွေနဲ့ နှစ်အတန်ကြာကတည်းက ပူးပေါင်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ သင်တန်း သွားရောက်တက်ခဲ့တဲ့ မြန်မာနိုင်ငံသား အင်အားဟာ တစ်ထောင်ကျော်လောက် အခုလက်ရှိမှာ ရှိနေပါပြီ။ အစ္စရေးနိုင်ငံက ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတွေကို ဒီနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံဖို့ကို နီးနီးကပ်ကပ်ဆွေးနွေးနေတဲ့ အဆင့်ရှိနေပါပြီ။ မကြာခင်မှာ သူတို့ဆီက ရင်းနှီးမြှုပ်နှံမှုတွေရောက်လာရင် အရည်အသွေးကောင်းတဲ့ အသီးအနှံ၊ ဟင်းသီးဟင်းရွက်တွေ ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် လယ်သမားတွေကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

အချုပ်ဆိုရသော် ယနေ့ဆိုလျှင် ကမ္ဘာ့နိုင်ငံကြီးများ၌ တိုးတက်လာသည့် လူဦးရေနှင့်အညီ နိုင်ငံအလိုက်စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် စပ်မျိုးစပါးများအပါအဝင် ဂျုံ၊ ပြောင်း၊ ဝါဂွမ်း စသည့်မျိုးဗီဇ ပြုပြင်ထားသည့် ကောက်ပဲသီးနှံများကို ဒေသရာသီဥတုနှင့် ကိုက်ညီအောင် စီမံစိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။ ကမ္ဘာ့လူဦးရေ အများဆုံး နိုင်ငံကြီးနှစ်ခုဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံများ အကြားတွင် တည်ရှိပြီး ဘိုးဘွားတို့၏ အမွေအနှစ်ဖြစ်သည့် လယ်ယာမြေတွင် သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်နှင့် စပ်မျိုးစပါးတို့ကို နိုင်ငံတစ်ဝန်းလုံး ညီညွတ်စွာ စိုက်ပျိုးနိုင်ပါက တိုင်းပြည်လည်းဖွံ့ဖြိုး၊ တောင်သူများလည်း ဝင်ငွေတိုးတော့မည်သာဖြစ်ပါတော့သည်။

ဆောင်းပါးနှင့်ကြော်ငြာ

# အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း

တက္ကသိုလ်ဆရာတစ်ဦး

၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မြန်မာတစ်နိုင်ငံလုံးမှ အခြေခံမဲဆန္ဒရှင်စာရင်းရရှိရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယခုနိုဝင်ဘာလမှ စတင်၍ဆောင်ရွက်လျက်ရှိပါသည်။

မည်သည့်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသည်ဖြစ်စေ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် **"ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း"** သည် အရေးအကြီးဆုံး အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းဆိုသည်မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းတွင် ပါရှိရုံသာမက ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများလည်း မဲစာရင်းတွင်မပါရှိစေခြင်းကို ဆိုလိုပါသည်။

မဲစာရင်းပြုစုရာ၌ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် (၁၈နှစ်)ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတိုင်းကို ထည့်သွင်းပြုစုရမည်ဖြစ်ပါသည်။ သို့ရာတွင် အသက်(၁၈နှစ်)ပြည့်ပြီးသော်လည်း ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်မရှိသော သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်သူများဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာ ခံထားရသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများနှင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများအား မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရပါ။

ပုံမှန်အားဖြင့် မဲစာရင်းများကို ရွေးကောက်ပွဲကျင်းပရန် ကြေညာပြီးသည့်အချိန်မှသာ ပြုစုခဲ့သော်လည်း ပိုမိုပြည့်စုံမှန်ကန်သည့် မဲစာရင်းများရရှိရေးအတွက်လည်းကောင်း၊ နောင်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပသည့်အခါ မဲစာရင်းများကို ထပ်မံပြုစုရန် မလိုတော့ဘဲ အဆင်သင့်ဖြစ်စေရေးအတွက် ယခုကဲ့သို့ ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ မဲစာရင်းများကို ကွန်ပျူတာတွင် စာရင်းသွင်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးချုပ်ရှိ Server တွင် ထားရှိနိုင်ရေးအတွက် ရှေ့ပြေးစမ်းသပ်သည့်အနေဖြင့် မဲစာရင်းပြုစုခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တို့တွင် ၂၀၁၄ ခုနှစ် မေလမှ ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ ဆောင်ရွက်ခဲ့ပါသည်။ ပြီးခဲ့သည့် ရှေ့ပြေးစမ်းသပ်ချက်မှ တွေ့ရှိခဲ့သော အတွေ့အကြုံများ အခက်အခဲများကို အခြေခံလျက်"အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း လက်စွဲစာစောင်"ကို ပြုစုခဲ့ပါသည်။ ယင်းလက်စွဲစာစောင်သည် မဲစာရင်းကို အဓိကပြုစုကြမည့် ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများ(ရပ်ကျေးကော်ခွဲ)များနှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများ အသုံးပြုရန်ဖြစ်ပါသည်။ (ရှေ့ပြေးမဲစာရင်းပြုစုခြင်းလုပ်ငန်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း ၂၆ ဖွဲ့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။)

မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၃၀ မှ မဲစာရင်းများကို အဆင့်လေးဆင့်ခွဲ၍ ပြုစုမည်ဖြစ်ရာ ပထမအဆင့်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအထိလည်းကောင်း၊ ဒုတိယအဆင့်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိလည်းကောင်း၊ တတိယအဆင့်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိလည်းကောင်း၊ စတုတ္ထအဆင့်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလ အထိလည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် ရွေးကောက်ပွဲကျင်းပမည့်အကြောင်း ကြေညာပြီးသည့်အချိန်တွင် မဲစာရင်းများကို ရပ်ကျေးကော်ခွဲရုံးအသီးသီး၌ ကြေညာနိုင်ရန်အတွက် အပြီးသတ်စုစည်းခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ဒုတိယပတ်တွင် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ယခုလုပ်ငန်းအောင်မြင်ရေးအတွက်"ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာဖောင်ဒေးရှင်း" "International Foundation for Electoral System"(IFES)က နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးမည်ဖြစ်ပါသည်။

ပထမအဆင့်ကို ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၁၀ မြို့နယ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး ဒုတိယအဆင့်ကို မြို့နယ်ပေါင်း ၄၁ မြို့နယ်တွင် ဆောင်ရွက်မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးမှ၁၄မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှ ၁၅ မြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေမှ ခြောက်မြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ ခြောက်မြို့နယ်ဖြစ်ပါသည်။ ပထမအဆင့်တွင် ဆောင်ရွက်မည့် မြို့နယ်များကိုရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် ညှိနှိုင်းတိုင်ပင်ပြီး ရွေးချယ်ပြီးဖြစ်ရာ ယင်းမြို့နယ်များမှာ -ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့နယ်၊ လသာမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ ဖြစ်ကြပါသည်။ ရရှိလာမည့်အတွေ့အကြုံများကို အခြေခံပြီး ကျန်အဆင့်များတွင် ဆောင်ရွက်မည့် မြို့နယ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် ညှိနှိုင်းတိုင်ပင်ကာ ရွေးချယ်သွားမည် ဖြစ်ပါသည်။

မြို့နယ် အသီးသီးအလိုက် မဲစာရင်းပြုစုရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများမှပြုစုထားရှိသော အိမ်ထောင်စုစာရင်းစာအုပ်နှင့် လူဦးရေစာရင်းစာအုပ်နှစ်အုပ်ကို အခြေခံ၍ ကွန်ပျူတာတွင်စာရင်းသွင်းမည်ဖြစ်ပါသည်။ မြို့နယ်တစ်ခုလုံးမှ မဲဆန္ဒရှင်များ၏ အမည်များနှင့် ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာတွင် စာရင်းသွင်းပြီးသည့်အခါ၌ မဲဆန္ဒရှင်များ သိရှိစေရန်အတွက် ရပ်ကျေးကော်ခွဲရုံး အသီးသီးတွင် ၁၄ ရက်တိုင်တိုင် ကပ်ထား၍ ကြေညာပေးသွားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ပထမဦးစွာ မိမိအမည်မဲစာရင်းတွင် ပါ/မပါ ကြည့်ရှုရန်ဖြစ်ပါသည်။ ထို့အပြင် မိမိ၏ ဆွေမျိုးမိတ်သင်္ဂဟများ၏ အမည်များကိုလည်း မဲစာရင်းတွင် ပါ/မပါ ကြည့်ရှုပေးနိုင်ပါသည်။ ထို့ပြင် မဲစာရင်းတွင် ကွယ်လွန်ပြီးသူများ၊ ထောင်ဒဏ်ကျခံနေရသူများနှင့် စိတ်ပေါ့သွပ်သူများ ပါ/မပါကိုလည်း ကြည့်ရှုပေးပြီး မပါသင့်သူများ ပါရှိနေပါက နိုင်ငံကြီးသားတစ်ဦးအနေဖြင့် ရပ်ကျေးကော်ခွဲသို့ အကြောင်းကြားသင့်ပါသည်။

မိမိတို့ဒေသကောင်းကျိုးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြမည့် လွှတ်တော်ကိုယ်စားလှယ်များအားရွေးချယ်ပေးရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း မဲပေးသင့်ပါသည်။ မိမိတို့၏ အမည်များ မဲစာရင်းတွင် ပါရှိနေမှသာ မဲပေးခွင့်ရှိမည်ဖြစ်သဖြင့် မဲစာရင်းများ ကြေညာထားသည့်အချိန်တွင် မိမိအမည် မဲစာရင်းတွင် ပါ/မပါ သိရှိရန် မဖြစ်မနေ သွားရောက်ကြည့်ရှုသင့်ပါသည်။

မိမိအမည်နှင့် မိမိ၏ မိသားစုဝင်တစ်ဦးဦး အမည် မဲစာရင်းတွင် မပါရှိပါက တောင်းဆိုလွှာပုံစံ(၃)ဖြင့် ရပ်ကျေးကော်ခွဲထံ တောင်းဆိုရန် ဖြစ်ပါသည်။ မဲစာရင်းတွင် ဖော်ပြထားသော မိမိနှင့် မိမိ၏ မိသားစုဝင်များ၏ အမည်များနှင့် အချက်အလက်များ ကွဲလွဲနေပါက ပြင်ဆင်လွှာပုံစံ(၄-ဂ)ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။ ထို့ပြင် ကွယ်လွန်ပြီးဖြစ်သော မိမိ၏ မိသားစုဝင်တစ်ဦးဦး မဲစာရင်းတွင် ပါရှိနေပါက ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့် ကန့်ကွက်ရန်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းများကို မဲစာရင်းများ ကပ်ထားကြေညာသည့် ၁၄ ရက်အတွင်း အချိန်မီမဖြစ်မနေ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

မဲဆန္ဒရှင်များ မဲစာရင်းများကို လာရောက်ကြည့်ရှုစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မီဒီယာများမှ နှိုးဆော်ပေးမည်ဖြစ်သည့်နည်းတူ ပူးပေါင်းဆောင်ရွက်ကြမည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများကလည်း ပါဝင်ကူညီဆော်ဩပေးကြမည်ဖြစ်ပါသည်။

ယခု မဲစာရင်းပြုစုခြင်းသည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် အခြားဒေသများမှ ခေတ္တလာရောက်နေထိုင်ကြသူများ (ဝန်ထမ်းများ၊ ရွှေ့ပြောင်းလုပ်သားများ၊ စစ်ဘေးရှောင်များ) အား မဲစာရင်းတွင် ထည့်သွင်းမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အမည်များသည် ၎င်းတို့အမြဲတမ်းနေထိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုမဲစာရင်းများတွင် ပါဝင်နေမည်ဖြစ်သဖြင့် ယခုခေတ္တ လာရောက်နေထိုင်သည့် ရပ်ကွက်/ကျေးရွာအုပ်စုမှ မဲစာရင်းတွင် ၎င်းတို့၏ အမည်များကို ထည့်သွင်းလိုက်မည်ဆိုပါက လူတစ်ဦး၏အမည်သည် မဲစာရင်းနှစ်ခုလုံးတွင် ပါရှိသွားမည်ဖြစ်ပါသည်။ အခြားဒေသတစ်ခုခုသို့ သွားရောက်နေထိုင်သူများသည် မိမိတို့၏ အမြဲတမ်းနေရပ်မှ မဲစာရင်းတွင် မိမိတို့အမည် ပါ/မပါ သိရှိထားရန် ဆွေမျိုးမိတ်သင်္ဂဟများမှ တစ်ဆင့် စုံစမ်းပြီး မပါဝင်ပါက ပုံစံ(၃) ဖြင့် တောင်းဆိုရန် ဖြစ်ပါသည်။

အခြားဒေသများမှ ခေတ္တလာရောက်နေထိုင်သူများ အနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်အကြောင်း ကြေညာပြီးသည့်အခါတွင် လက်ရှိရောက်ရှိနေသော ဒေသ၌ ရက်ပေါင်း ၁၈၀ ထက်မနည်း နေထိုင်ပြီးပါက မိမိတို့၏ မူရင်းဒေသသို့ ပြန်၍ မဲမပေးလိုဘဲ ယခုရောက်ရှိနေသည့် ဒေသ၌ပင် မဲပေးလိုပါက ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကျေးကော်ခွဲရုံးသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထား၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။

မဲစာရင်းများကို ကြေညာသည့် ၁၄ ရက်ပြည့်ချိန်တွင် ရပ်ကျေးကော်ခွဲများက တောင်းဆိုလွှာ/ပြင်ဆင်လွှာ/ကန့်ကွက်လွှာများကို စိစစ်ပြီး မူလကွန်ပျူတာ မဲစာရင်းတွင် ဖြည့်စွက်/ပယ်ဖျက်/ပြင်ဆင်ခြင်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ပြီးစီးသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စိစစ်အတည်ပြုပြီး ယင်းကွန်ပျူတာ မဲစာရင်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ရုံးချုပ် Server တွင် သိမ်းဆည်းထားနိုင်ရန်အတွက် Memory Stick ဖြင့် ပေးပို့မည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိရေးသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့အဆင့်ဆင့်တွင် လုံးဝတာဝန်ရှိသည်မှာ မှန်သော်လည်း မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ရွေးကောက်ပွဲနှင့် ပါဝင်ပတ်သက်သူများအားလုံးက ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ သို့မှသာ **ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း**ကိုရရှိပြီး ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတ၍ ဘက်လိုက်မှုကင်းကာ အားလုံးပါဝင်သောရွေးကောက်ပွဲတစ်ခုဖြစ်နိုင်မည် ဖြစ်ပါသည်။

NEW MOTION Travels & Tours
မုံ - ပုပ္ပါး - ပုဂံ - Nov; 5 , Dec; 25
တောင်ကြီး(ဒီးပုံးယံ) ~ Nov; 4 , Dec; 24
မန္တလေး - ပြင်ဦးလွင်(ဒီးပုံးယံ) ~ Nov; 4 , Dec; 24
ငွေဆောင် ~ Dec; 26 , Jan; 2

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Speaking / Guide
01-375970, 0951 72096, 0925 4541441

ဗလငါးတန် ပွဲ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့




နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအတွက်ဝမ်းမြောက်ဖွယ်
နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး တွင် MEDISPEC (U.S.A) မှနောက်ဆုံးပေါ်စက်သစ်ကြီး ဖြစ်သော Cardiospec ( Extracorporeal Shockwave Myocardial Revascularization ) နှလုံးသွေးကြောကျဉ်းရောဂါအား အသံလှိုင်းဖြင့်ကုသစက်ကြီးဖြင့် နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအားခွဲစိတ်ရန်မလိုဘဲ (Non-invasive therapy) ကုသနိုင်မည်ဖြစ်ပါသည်။
အသက်အရွယ်ကြီးရင့်သူများ၊ သမားရိုးကျနှလုံးသွေးကြောအတွင်း သွေးကြောထောက်ကိရိယာ(Stent) ထည့်သွင်းကုသခြင်းနှင့် ခွဲစိတ်ကုသခြင်း (CABG)တို့အား စိုးရိမ်သူ၊ ငယ်ရွယ်သူများအတွက်ရွေးချယ်စရာသင့်လျော်သော ကုထုံးဖြစ်ပါသည်။
(နိုဝင်ဘာလအတွင်းကုသလိုသည့် ပထမဆုံးလူနာ ၆ ဦးအား အထူးသက်သာသောဈေးနှုန်းဖြင့်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။)
ဆက်သွယ်ရန်လိပ်စာ ➡ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ ဒီဇပါပန်းအဝိုင်းအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း ☎ ၀၉-၂၀၄၅၅၆၆၆၊ ၀၉-၅၁၂၂၆၆၇၉၉

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်စေသည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ချိုးဖောက်မှုမှတ်တမ်းဓာတ်ပုံများ



အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေးအနီးတွင် မော်တော်ယာဉ်များ စည်းကမ်းမဲ့ရပ်နားမှု၊ မောင်းနှင်မှုနှင့် လမ်းကူးသူများ စည်းကမ်းမဲ့စွာ ဖြတ်သန်းသွားလာနေမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။ ဇော်မင်းလတ်(သတင်းစဉ်)



အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်၌ ယာဉ်ကြောကျပ်တည်းရှုပ်ထွေးနေမှုကို တွေ့ရစဉ်။

ဇော်မင်းလတ်(သတင်းစဉ်)



အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းတစ်လျှောက် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာမောင်းနှင်နေမှု၊ ဈေးသည်များ လမ်းမပေါ်တက် ဈေးရောင်းချနေမှုနှင့် လမ်းဖြတ်ကူးသူများ စည်းကမ်းမဲ့စွာ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

ဇော်မင်းလတ်
(သတင်းစဉ်)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

မြန်အောင်မြို့နယ်တရားမရုံး၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၉

| | | |
|---|---|---|
| ဒေါ်အေးအေးလွင် | နှင့် | ၁။ ဦးကျော်ဝင်း |
| (ဘ) ဦးထိုက်ယုံ | | (ဘ) ဦးသန်းရွှေ |
| ၁၄/မအန(နိုင်)၀၂၁၈၁၆ | | ၁၄/မအန(နိုင်)၀၁၃၅၂၅ |
| တာဝတိံသာလမ်း၊ | | ၂။ ဒေါ်တင်မာသိန်း |
| အမှတ်(၅)ရပ်ကွက်၊ | | (ဘ) ဦးဘိုသောင်း |
| မြန်အောင်မြို့ | | ၁၄/မအန(နိုင်)၀၁၃၁၆၆ |
| | | အမှတ်(၄)ရပ်ကွက်၊ ရွှေကျောင်းကွက်သစ် (ယခုနေရပ်လိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်များ** |

မြန်အောင်မြို့နေဦးကျော်ဝင်းပါ-၂ သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အေးအေးလွင်က အရောင်းအဝယ်စာချုပ်ပါ ကတိအတိုင်း စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လက်မှတ်ရေးထိုးဆောင်ရွက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်(၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်လင်း)**
**မြို့နယ်တရားသူကြီး**
**မြန်အောင်မြို့**

## ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါသံကူကွန်ကရစ်အဆောက်အအုံများအား အဆောက်အအုံဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တည်နေရာနှင့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တည်နေရာ**

| | | |
|---|---|---|
| (၁) | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် | ၆လုံး |
| (၂) | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် | ၃လုံး |
| (၃) | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တွင် | ၂လုံး |
| (၄) | တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့တွင် | ၁လုံး |

(ခ) **လုပ်ငန်းများ**

ခြောက်ခန်းတွဲ နှစ်ထပ်(၁၂)ခန်း၊ RC စုစုပေါင်းဧရိယာ ၈၁၁၂ စတုရန်းပေ

၃။ တင်ဒါရောင်းချမည့်ရက်မှာ ၃-၁၁-၂၀၁၄ ရက်မှ ၂၈-၁၁-၂၀၁၄ ရက်အထိဖြစ်ပြီး ရုံးဖွင့်ရက်နေ့စဉ် နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၁၄း၀၀ နာရီအထိ တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ/-)နှုန်းဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ထားဝယ်မြို့တွင်ဝယ်ယူနိုင်ပြီး တင်ဒါဖွင့်ပွဲကို ၂-၁၂-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၉း၀၀ နာရီတွင် အထက်ဖော်ပြပါရုံးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၈၆၅**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ခရိုင်ရုံး၊ စခန်းရုံးများတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) လွိုင်လင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး ပေ(၈၀×၂၉×၉)၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ၊ သံကူကွန်ကရစ်၊ သွပ်မိုး၊ ရေ၊ မီး၊ အိမ်သာအပါအဝင် တစ်ထပ်
(၂) ကျိုင်းတုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၊ ခြံစည်းရိုးကာရံခြင်း၊ ပေ(၁၃၀ ×၆)
(၃) နမ့်စန်ငါးသားဖောက်စခန်းဆောက်လုပ်ခြင်း၊ ပေ (၃၆ ×၂၇)
(၄) မဘိမ်းငါးသားဖောက်စခန်းဆောက်လုပ်ခြင်း၊ ပေ (၃၆ ×၂၇)
(၅) မဘိမ်းငါးသားဖောက်စခန်း မျိုးငါးကန်၊ အသားတိုးကန်၊ သားပေါက်ပြုစုကန်တူးဖော်ခြင်း၊ ပေ (၄၀၀×၁၀၀) တစ်လုံး၊ ပေ (၂၀၀×၁၀၀) နှစ်လုံး၊ ပေ (၁၀၀×၁၀၀) လေးလုံး
(၆) ညောင်ရွှေငါးသားဖောက်စခန်း သားပေါက်ပြုစုကန်တူးဖော်ခြင်း၊ ပေ(၂×၁၀၀× ၁၀၀)
(၇) ညောင်ရွှေငါးသားဖောက်စခန်း မျိုးငါးကန်၊ ပြုစုကန်တူးဖော်ခြင်း ပေ(၁၀၀× ၁၀၀) ငါးလုံး၊ ပေ (၂၀၀×၁၀၀) တစ်လုံး၊
(၈) ညောင်ရွှေငါးသားဖောက်စခန်းဂါလန် (၈၀၀)ဆံ့ ဖိုက်ဘာတိုင်ကီ နှစ်လုံးနှင့်ပိုက်သွယ်တန်းခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄-၁၁-၂၀၁၄ ရက်မှ ၁၈-၁၁-၂၀၁၄ ရက်အထိ ရောင်းချသွားမည်ဖြစ်ပြီး ၂၅-၁၁-၂၀၁၄ရက်တွင် လျှောက်လွှာများအား လက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ်သိရှိလိုသည်များရှိပါက ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဖုန်း-၀၈၁-၂၀၈၆၀၀၊ ၀၉-၅၂၁၄၃၈၀၊ ၀၉-၂၅၄၃၀၇၁၀၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ တောင်ကြီးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်မင်းသန့် ၁၃/တကန(နိုင်)၂၇၇၇၂၈ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၁၀၀၃၄၁၁**

(ဗိုက်မရစ် ဗိုက်မနာနဲ့ ဝမ်းသွားရတာ အားရလိုက်တာ ရှင်းပြီး ပေါ့သွားတာပဲ)လို့ ခံစားပြီး နေ့သစ်ကို ကြိုဆိုလိုက်ပါ။ **စုစုအေးအောင်**

**ဝမ်းမှန်အကြောပြေဆေး**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ ခေတ္တာလမ်း၊ အိမ်အမှတ် ၁၉၅ နေ ကျွန်တော်မောင်ကျော်ထူး၏ဇနီး မသန္တာမြင့် ၁၃/တကန(နိုင်) ၀၂၄၆၇၀ သည် ခွင့်မလွှတ်နိုင်သောကိစ္စရပ်များအားပြုမူပြီး ၂၉-၁၀-၂၀၁၄ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**မောင်ကျော်ထူး ၁၃/တကန(နိုင်)၁၁၁၇၇၃**

## မွေးသက္ကရာဇ်မှန်

ဦးနဲရယ်၏သမီး လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်၊ ဘွဲ့လွန် (ပထဝီဝင်) အထူးပြုဘာသာမှ မစူးမြာ ၂/ဒမဆ(နိုင်)၀၃၆၈၀၆ ၏ မွေးသက္ကရာဇ်မှန်မှာ ၂၆-၉-၁၉၈၈ ဖြစ်ပါကြောင်း။



နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

# မန်ချက်စတာဒါဘီ မန်စီးတီးအသင်း အနိုင်ရ

*ပရီမီယာလိဂ်ပွဲစဉ် (၁၀) တနင်္ဂနွေနေ့ည ယှဉ်ပြိုင်ကစားသည့် မန်ချက်စတာမြို့ခံ ပြိုင်ဘက်နှစ်သင်း တွေ့ဆုံမှုတွင် မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပထမပိုင်းပွဲစစချင်း မန်ယူက အချိတ်အဆက်မိမိ ဖိအားပေးကစားနိုင်ခဲ့ပြီး ၃၉ မိနစ်တွင် မန်ယူ နောက်ခံကစားသမား စမောလင်းက မန်စီးတီးတောင်ပံကစားသမား မီလ်နာကို ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့၍ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။*



မန်ယူနည်းပြ ဗန်ဟားလ်သည် ကစားကွက်ပြောင်းကာ ဂျာနူဇက်နေရာတွင် ဗဟိုခံစစ်ဖြင့် မိုက်ကယ်ကာရစ်ကို ထည့်သွင်းကစားခဲ့သည်။ မန်စီးတီးကတိုက်စစ်ဖွင့်ပြီး ဖိကစားနိုင်သော်လည်း ပထမပိုင်းဂိုးမရရှိဘဲ ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်း တန်ပြန်တိုက်စစ်ဖြင့် ခြိမ်းခြောက်နိုင်သော်လည်း ၅၆ မိနစ်တွင် နောက်တန်းအားထားရသော ရိုဂျိုမှာ ဒဏ်ရာရရှိခဲ့သဖြင့် လူငယ်ကစားသမား ပက်ထရစ်ကို အစားထိုးခဲ့ရသည်။ မန်စီးတီးအသင်း ဂိုးကန်သွင်းခွင့်များရရှိခဲ့ပြီး မန်ယူဂိုးသမား ဒီဂီယာ လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် မန်စီးတီးမှ ကလစ်ချီ၏ ဖြတ်တင်ဘောကို အဂူရို မနားတမ်းကန်သွင်းခဲ့ပြီး အဖွင့်ဂိုးရယူခဲ့သည်။ ပွဲပြီးချိန်ထိ မန်ယူအသင်း ချေပဂိုးမသွင်းနိုင်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မန်ယူအသင်းသည် ယနေ့ပွဲ ရှုံးနိမ့်ခဲ့သည့်အတွက် ယခုရာသီအဝေးကွင်း ငါးပွဲတွင် သုံးပွဲသရေ၊ နှစ်ပွဲရှုံးသည်။ မန်စီးတီးအသင်းက ဒီရာသီ အိမ်ကွင်း ငါးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ မန်စီးတီးတို့ ယခုပွဲအပြီး ရမှတ် ၂၀ ဖြင့် အဆင့် ၃ ၌ ရပ်တည်နေသည်။

**သီဟ-ရေးသည်**

## ဆောက်သမ်တန် ဒုတိယနေရာဆက်လက်ထိန်းထားနိုင်

ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ဟားလ်စီးတီးနှင့် ဆောက်သမ်တန်တို့ နိုဝင်ဘာ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဧည့်သည်ဆောက်သမ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ အမှတ်ပေးဇယား ဒုတိယနေရာကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ဆောက်သမ်တန်အသင်းသည် ယခုနှစ်ရာသီတွင် မမျှော်လင့်ဘဲ အလွန်ကောင်းသည့် အသင်းတစ်သင်းအဖြစ် တွေ့မြင်လာရသည်။

အမှတ်ပေးဇယားထိပ်ဆုံးရောက် ချယ်လ်ဆီးကိုပင် ခြိမ်းခြောက်လာသည်။ ဆောက်သမ်တန်အသင်းအတွက် တစ်လုံးတည်းသောဂိုးကို ပွဲစပြီး သုံးမိနစ်အကြာ ဝမ်ယာမာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဆောက်သမ်တန်အသင်းသည် ယခုအနိုင်ပွဲ၌ ရှစ်ပွဲတွင် ခုနစ်ပွဲမြောက်အဖြစ် အနိုင်ရရှိကာ ချယ်လ်ဆီးနှင့် လေးမှတ်သာကွာသည်။

## ဘာစီလိုနာ ဒုတိယမြောက် ရှုံးပွဲကြုံ

စပိန်လာလီဂါပြိုင်ပွဲအဖြစ် ဘာစီလိုနာနှင့် ဆဲလ်တာဗီဂိုအသင်းတို့ ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာတို့ ယခုနှစ်ရာသီတွင် ဒုတိယမြောက် ရှုံးပွဲဖြင့် ကြုံတွေ့ခဲ့ရသည်။

ဆဲလ်တာဗီဂိုအတွက် တစ်လုံးတည်းသောဂိုးကို လာရီဗေးက ဒုတိယပိုင်းအတွင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းသည် လေးကြိမ်တိုင်အောင် ဂိုးတိုင်ထိမှန်ခဲ့သည်။ မက်ဆီနှင့်နေမာတို့ သွင်းယူသောဂိုးများမှာလည်း ဂိုးပေါက်လွဲချော်ခဲ့သည်။ အိမ်ကွင်းတွင် စတင်ကစားလာသော ဆွာရက်ဇ်သည် နှစ်ကြိမ်တိုင်ဂိုးသွင်းခွင့်ရခဲ့သော်လည်း ခေါင်းတိုက်ဂိုးမှာ ဆဲလ်တာဗီဂို ဂိုးသမားကာကွယ်နိုင်ခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## ဥရောပ ပြည်တွင်းလိဂ်ပွဲစဉ်များ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၀)** — **နိုဝင်ဘာ ၄**

| | | | |
|---|---|---|---|
| ပဲလေ့စ် | - | ဆန်းဒါးလန်း | နံနက် ၂း၃၀ |

**အီတလီစီးရီးအေ ပွဲစဉ်(၁၀)** — **နိုဝင်ဘာ ၄**

| | | | |
|---|---|---|---|
| ဆီစီနာ | - | ဗီရိုနာ | နံနက် ၀၀း၃၀ |
| လာဇီယို | - | ကက်ဂလီယာရီ | နံနက် ၂း၃၀ |

**စပိန်လာလီဂါ ပွဲစဉ်(၁၀)** — **နိုဝင်ဘာ ၄**

| | | | |
|---|---|---|---|
| ဗယ်လက်ကာနို | - | အီဘာ | နံနက် ၂း၁၅ |

**နိုဝင်ဘာ ၁/၂ ဂိုးရလဒ်များ**

| | | |
|---|---|---|
| အာဆင်နယ် | ၃-၀ | ဘန်လေ |
| ချယ်လ်ဆီး | ၂-၁ | ကျူပီအာ |
| အဲဗာတန် | ၀-၀ | ဆွမ်ဆီး |
| လက်စတာ | ၀-၁ | ဝက်စ်ဘရွန်း |
| စတုတ်စီးတီး | ၂-၂ | ဝက်စ်ဟမ်း |
| လော်ရီယန့် | ၁-၂ | ပီအက်စ်ဂျီ |
| ဂူအင်ဂမ့် | ၁-၀ | ဘတ်စ်တီယာ |
| လိုင်လီ | ၁-၁ | စိန့်အက်တီယန် |
| မတ်ဇ် | ၃-၂ | ကိန်း |
| မောင့်ပယ်လီယာ | ၂-၀ | အီဗီယန် |
| နိုက်စ် | ၁-၃ | လိုင်ယွန် |
| မိန့်ဇ် | ၁-၂ | ဝါဒါဘရီမင် |
| ဟန်နိုဗာ | ၁-၀ | ဖရန့်ဖတ် |
| စတုဂတ် | ၀-၄ | ဝုဖ်ဘတ် |
| ဟမ်းဘတ် | ၁-၀ | လေဗာကူဆင် |
| ဘိုင်ယန်မြူးနစ် | ၂-၁ | ဒေါ့မွန် |
| နာပိုလီ | ၂-၀ | ရိုးမား |
| အမ်ပိုလီ | ၀-၂ | ဂျူဗင်တပ်စ် |
| ပါးမား | ၂-၀ | အင်တာမီလန် |
| ဂရန်နာဒါ | ၀-၄ | ရီးရဲမက်ဒရစ် |
| အက်သလက်တီကို | ၄-၂ | ကော်ဒိုဘာ |
| ဆိုစီဒက် | ၀-၁ | မာလာဂါ |
| ဝီဂန် | ၃-၃ | ဖူလ်ဟမ် |
| ဘလက်ဘန်း | ၃-၁ | ရီးဒင်း |
| ကာဒစ် | ၃-၁ | လိဒ်ယူနိုက်တက် |
| ဘလက်ပူးလ် | ၀-၂ | အစ်ဆွစ် |
| ဝက်ဖို့ဒ် | ၃-၁ | မီဝေါလ် |



ကြော်ငြာ

# ပြည့်စုံချမ်းသာ ကွန်ဒို (၂)





ဒီနေရာ တွေထိ (၁၀)မိနစ် အတွင်း ရောက်နိုင် ပါသည်။

- TTC(လှိုင်)
- International School of Myanmar (ISM)
- ဘုရင့်နောင်ပွဲရုံများ
- သီရိမင်္ဂလာကုန်စိမ်းဈေး
- စိန်ဂေဟာ
- City Mart
- Juction 8
- လှည်းတန်း
- ဝိတိုရိယဆေးရုံ
- သုခကျန်းမာဆေးရုံ




- ရန်ကုန်မြို့၏အချက်အချာကျသော လှိုင်မြို့နယ်တွင် တည်ရှိခြင်း။
- တစ်ဦးတည်းပိုင် ဂရန်မြေအမျိုးအစားပေါ်တွင် တည်ဆောက်ထားခြင်း။
- အင်းစိန်လမ်းမကြီး၊ ပြည်လမ်းမကြီး၊ ပါရမီလမ်းမကြီးတို့မှ လွယ်ကူစွာ ဝင်ထွက် သွားလာနိုင်ခြင်း။
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုမိန့် (Green Board) ရရှိပြီး အဆောက်အဦတစ်ခုလုံး၏ ( ၃၀ ) % ပြီးစီးနေခြင်း။
- တစ်ထပ်လျှင် (၄)ခန်း (လေးမွှင့်ဆိုင်လေးခန်း) သာပါသည့်အတွက် သဘာဝအလင်းရောင် နှင့် လေဝင်လေထွက်ကောင်းစွာရရှိခြင်း။
- တစ်ခန်းလျှင် ကားတစ်စီးစာ Parking အပိုင်ရရှိခြင်း။
- တိုက်တစ်လုံးလျှင် ဓါတ်လှေခါး (၂)စင်း၊ ရိုးရိုးလှေခါး(၂)စင်းပါဝင်ခြင်း။
- အသင့်နေထိုင်နိုင်ရန် ပြင်ဆင်ပေးထားခြင်း။
- အခန်းများကို အရစ်ကျစနစ်ဖြင့် စတင်ရောင်းချပေးနေပါသည်။

**၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အပြီးတည်ဆောက်ပါမည်။**

KM & MST Construction Group မှ တာဝန်ယူတည်ဆောက်သည်။
အမှတ် (၆၅၁)၊ ဒေါ်မြနုစ်လမ်း နှင့် မဟာဆွေလမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၃ ၃၅၂ ၈၈၁ ၊ ၀၉-၂၅၃ ၃၅၂ ၈၈၂၊ ၀၉-၅၀၈၀၀၈၅၅

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ရန်ကုန်မြို့လယ်ဒေသအတွင်း ယာဉ်ကြောကျပ်တည်းမှုကို တိုးမြှင့်ဖြေရှင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မြို့လယ်ဒေသသည် စီးပွားရေးအရ အချက်အချာနေရာတစ်ခုဖြစ်သည့်အပြင် မြို့တွင်းမြို့ပြင် သယ်ယူပို့ဆောင်ရေးအတွက် အဓိကဆုံရပ် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါ ဧရိယာအတွင်းရှိ တိုက်ခန်းများတွင် နေထိုင်သော မိသားစုများ၏ ကိုယ်ပိုင်ကားများကို မိမိတိုက်ခန်းနှင့် အနီးဆုံးနေရာများတွင် ရပ်တန့်ထားလိုသည့်အတွက် ယာဉ်ကြောပြည့် သွားလာနိုင်ခြင်းမရှိသည်ကို တွေ့ရကြောင်း။

ထို့အပြင် ဈေးသည်များ ပလက်ဖောင်းပေါ်ရောင်းချခြင်းနှင့် အချို့ဈေးသည်များ လမ်းပေါ်အထိ ဈေးရောင်းချနေသည်ကိုလည်း တွေ့ရကြောင်း၊ မြို့တွင်းသွားလာနေသော ကိုယ်ပိုင်ယာဉ်များ၊ ဘတ်စ်ကားယာဉ်များ များပြားခြင်း၊ လမ်းကူးသူ ခြေကျင်ခရီးသွားများ များပြားခြင်း၊ လူကူးမျဉ်းကျား၊ ခုံးကျော်တံတား အသုံးပြုမှုနည်းခြင်း၊ ဘတ်စ်ကားမှတ်တိုင်များတွင် ခရီးသည်များစုပုံနေခြင်းနှင့် ကုန်တင်ယာဉ်ငယ်များ အဝင်အထွက် များသောကြောင့် မြို့တွင်းဧရိယာမှာ ယာဉ်ကြောကျပ်တည်းမှုများ ပိုမိုဖြစ်လာသည်ဟု သုံးသပ်မိကြောင်း၊ ရန်ကုန်မြို့အတွင်း နေ့စဉ်သွားလာနေသည့်ယာဉ်များထဲတွင် အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များမှ ယာဉ်များ ရန်ကုန်မြို့တွင်း ရောက်ရှိသွားလာလျက်ရှိ၍ လမ်း၏လက်ခံနိုင်မှုနှင့် ယာဉ်စီးရေအချိုး မမျှတမှုကိုလည်း ထည့်တွက်ရပါကြောင်း အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွန်းက သုံးသပ်ပြောကြားသည်။



ရန်ကုန်မြို့လယ်ကောင်မြင်ကွင်း

အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)၏ "မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ"အရ တိုးမြှင့်အရေးယူဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့မောင်းနှင်မှု ၁၄ မျိုးကို ဇူလိုင် ၁၁ ရက်မှစ၍ ယာဉ်မောင်းလိုင်စင် သုံးလမှ လေးနှစ်အထိ ပိတ်သိမ်းအရေးယူခြင်း၊ ယာဉ်မတော်တဆမှုများတွင် တိုက်ပြေးမှုကျူးလွန်သူများကို ရာသက်ပန် ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းအရေးယူခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လဆန်း ၁ ရက်နေ့ကို " ခရီးသည် တင်ယာဉ်များ ယာဉ်မတိုက်ရနေ့" အဖြစ်သတ်မှတ်ပြီး အဆိုပါနေ့ရက်တွင် ယာဉ်တိုက်မှုဖြစ်ပွားသည့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအောက်ရှိ ခရီးသည်တင်

**အမေး၊ အရေး-အေးကို(သတင်းစဉ်)**

**ဓာတ်ပုံ-ကျော်သူရ**

ယာဉ်လိုင်းများမှ ယာဉ်မောင်းသူများကို ပြစ်ဒဏ်နှစ်ဆ ချမှတ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ယာဉ်တိုက်ပြေးမှုကျူးလွန်သော ခရီးသည်တင်ယာဉ်လိုင်းများကို ယာဉ်လိုင်းပိတ်သိမ်းအရေးယူခြင်း၊ တရားမဝင်ဆိုင်ကယ်များကို ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူခြင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း စီးနင်းသွားလာလျက်ရှိသော လိုင်စင်ရှိဆိုင်ကယ်များနှင့် စည်းကမ်းမဲ့စီးနင်းသော မော်တော်ယာဉ်များကို မော်တော်ယာဉ်ဥပဒေအရ အရေးယူခြင်း၊ ယာဉ်မောင်းလိုင်စင်အတုများ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်များဖြင့် မောင်းနှင် သွားလာခြင်း ရှိ/မရှိ စစ်ဆေးပြီး စည်းကမ်းဖောက်ဖျက်ကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေဖြင့် ထိရောက်စွာ အရေးယူခြင်း၊ ယာဉ်မဆင်မခြင်မောင်းနှင်မှု၊ အရှိန်ပြင်းမောင်းနှင်မှု၊ အရက်သေစာသောက်စားမောင်းနှင်မှုများ၊ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်မှုများကို မော်တော်ယာဉ် ဥပဒေပုဒ်မ ၂၁/၆၄ အရ အရေးယူဆောင်ရွက်ခြင်း၊ ယာဉ်မောင်းနှင်သွားလာရာတွင် အရက်သေစာသောက်စားထားမှု ရှိ/မရှိ ယာဉ်မတော်တဆမှု ကျူးလွန်ရာတွင် အရက်သေစာသောက်စားမှု ရှိ/မရှိ Alcohol Testor ဖြင့် တိုင်းတာစစ်ဆေးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲထားမှု ရှိ/မရှိ သီးခြားစစ်ဆေးဆောင်ရွက်ခြင်း၊ ယာဉ်သွားလမ်းကို အနှောင့်အယှက်ဖြစ်စေသည့် စည်းကမ်းမဲ့ ဈေးရောင်းချသူများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဒုတိယရဲမှူးကြီး လင်းထွန်း

သို့ဖြစ်၍ ယာဉ်မတော်တဆမှုဖြစ်စဉ်များကို ဆန်းစစ်ရာတွင် ယာဉ်မောင်းသူများ၏ အားနည်းချက်များသည် အများဆုံးဖြစ်ပွားနေပြီး ခြေကျင်ခရီးသွားများအနေဖြင့် ယာဉ်မတော်တဆမှုများ မရှိစေရန်၊ လမ်းကူးသူများ လိုက်နာရမည့် စည်းကမ်းများကို လိုက်နာရန် အထူးလိုအပ်ပါသည်။

# လပွတ္တာရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များ စတင်စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာ့အသံရေဒီယိုအစီအစဉ် ကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင်ရေးအစီအစဉ်အရ လပွတ္တာစက်ရုံတွင် FM လွှင့်စက်နှင့် Antenna တပ်ဆင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်တွင် တပ်ဆင်ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား 2KW၊ လှိုင်းနှုန်း (89.2 MHz)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၄ရက်မှစ၍ စတင်ထုတ်လွှင့်လျက်ရှိရာ စက်ရုံအရှေ့ဘက်တွင် ကန်ဘက်၊ လှိုင်းဘုန်းအထိလည်းကောင်း၊ အနောက်ဘက်တွင် သုံးခွ၊ ဘုရားလှအထိလည်းကောင်း၊ တောင်ဘက်တွင် လွှစာ၊ စလူစိပ်၊ ပြင်စလူအထိလည်းကောင်း၊ မြောက်ဘက်တွင်ငပုတောမြို့နယ် အထိလည်းကောင်း မြန်မာ့အသံရေဒီယိုအစီအစဉ်များကို ကြည်လင်ပြတ်သားစွာဖြင့် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းအစည်းအဝေးခန်းမ၌ ရဲလုပ်ငန်းများနှင့်ပတ်သက်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများက ယုံကြည်အားကိုးမှုရှိစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၁ နာရီခွဲက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်ရဲမှူး ကြာညိုက ရဲစခန်းအနေဖြင့် ဆောင်ရွက်နေမှုများကို ဆွေးနွေးရှင်းလင်းကာ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအပေါ် လစဉ်ထောက်ပံ့မှုများကို ရှင်းလင်းတင်ပြခဲ့သည်။



ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းက သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဘုရားကုန်းမြို့မရဲစခန်းမှူး ဒုတိယ

အခမ်းအနားသို့ သတင်းမီဒီယာများ၊ ဇဝနသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ တက်ရောက်ခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**


**IR (အထက်မြန်မာပြည်) နှစ် (၃၀)ပြည့် အထိမ်းအမှတ်**

**အာစရိယပူဇော်ပွဲ**

အထက်မြန်မာပြည်တွင် နိုင်ငံတကာဆက်ဆံရေးပညာတည်ထောင်ဖွင့်လှစ်ခြင်း နှစ် (၃၀)ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့်အာစရိယပူဇော်ပွဲကို ၁၄-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မန္တလေးတက္ကသိုလ်၊ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖော်ပြပါငွေစာရင်းအမှတ်နှင့် ဖုန်းများမှဖြစ်စေ အလှူငွေများထည့်ဝင်နိုင်ပါကြောင်းနှင့် ဆရာပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပါမည့်အကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ငွေစာရင်းအမှတ် ၀၃၉၁၉၅၀၀၁၈၂-၉ ကျွဲဆည်ကန် ရိုးမဘဏ်၊ မမိမိကြီး ဖုန်း-၀၉-၂၀၀၅၆၃၉၊ မသင်းသင်းအေး ဖုန်း-၀၉-၂၀၁၂၆၁၂၊ ကိုဇော်နိုင် ဖုန်း-၀၉-၂၁၃၁၁၁၅၊ ကိုနိုင်လင်း ဖုန်း-၀၉-၄၃၀၁၄၀၅၀နှင့် ကိုဇော်စိုး ဖုန်း-၀၉-၄၃၁၇၄၆၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ကြောင်း**

ဦးမြင့်ဆွေ ၉/ကဆန(နိုင်)၀၉၁၆၇၈၏ သမီး မိတ္ထီလာစီးပွားရေးတက္ကသိုလ် တတိယနှစ်မှ မရွှေဇင်မြင့်၉/ကဆန(နိုင်)၁၆၁၉၄၉ နှင့် မရွှေစင်မြင့်သည် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

**မရွှေဇင်မြင့်(ခ)မရွှေစင်မြင့်**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အထက(၂၀) နဝမတန်း (င)မှ မသန္တာကျော်နှင့် စတုတ္ထတန်း (ခ)မှ မသန္တာအေးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ဖြစ်ပါကြောင်း။

**ဦးဇော်မင်း ၈/မမန(နိုင်)၁၄၇၇၄၄**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်ပြီး မောင်ကောင်းထက်သန့်စိုး၏မိခင် ဒေါ်အေးအေးနှင့် ဒေါ်အေးအေးထွန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အေးအေး(ခ)ဒေါ်အေးအေးထွန်း**
**၉/မတရ(နိုင်)၀၃၁၈၀၈**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်၁၉ယ/၅၆၉၆ Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော်ဦး ၈/မကန(နိုင်)၂၁၀၈၅၇က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၉၉၇၇၇ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်စွာထွန်း(ခ)ချမ်းမြေ့ကျော် ၁၃/ကမန(နိုင်)၀၀၀၉၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၈၉၄၆၀ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုမာ ၁၀/ရမန(နိုင်)၀၈၄၆၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၀ယ/၆၅၅၉၅ Yinxiang-110ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီ ၈/နမန(နိုင်)၀၉၁၂၃၃ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

**ဖခင်အမည်မှန်**

မကွေးမြို့၊ အထက (၄)၊ ပဥ္စမတန်း (C)မှ မောင်ဝေယံထွန်း၏ဖခင်အမည်မှန်မှာ ဦးကျော်ဇင်သန့်ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်သန့်**
**၈/မကန(နိုင်)၂၀၀၀၄၉**

**အမည်မှန်**

ဦးပေါင်ထန်စံ၏ သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အလက(ခွဲ)အမှတ် (၁) သတ္တမတန်းမှ မထောင်းရှုန်းဆုမ်၏ အမည်မှန်မှာ မထောင်းရှုန်းဝုန် ဖြစ်ပါသည်။

**မထောင်းရှုန်းဝုန်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ခ/၂၉၈၅ Nissan Diesel CW 610 HV D/T (6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်အောင် ၅/ကလထ(နိုင်)၁၀၅၈၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈C/၆၀၄၇ SM Light Truck, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်နိုင် ၅/မရန(နိုင်)၀၀၀၁၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ဟ/၃၀၃၅၊ ရွှေသမင် CR7 156 သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဆွေ ၁၃/လရန(နိုင်)၀၀၉၀၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

**အမည်ပြောင်း**

ဦးဝင်းထွန်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက (၃)အဋ္ဌမတန်းမှ မကြေးအား မချိုဇင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မချိုဇင်ထွန်း**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အလက (၄)၊ ပဥ္စမတန်းမှ မဗင်ဆန်းပွီးအီးနှင့် ဒုတိယတန်းမှ မဇိုးနွန်သလွန်းအီးတို့၏ ဖခင်အမည်မှန်မှာ ဦးလားရင့်မောရာ ၅/ကလထ(နိုင်)၀၂၁၈၀၈ ဖြစ်ပါကြောင်း။

**ဦးလားရင့်မောရာ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၅ယ/၆၁၅၃၀၊ Yinxiang 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဆွေ ၁၃/လရန(နိုင်)၀၀၉၀၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာအဖြာဖြာ အပိုင်း(၇)

ပါမောက္ခ-ခင်မောင်ဝင်း(အသည်း)

ဒီနေ့ခေတ်မှာ မြန်မာလူငယ်တွေ အတော်များများဟာ နိုင်ငံခြားကို ကျောင်းသွားတက်ကြ၊ အလုပ်လုပ်ကြတာတွေ ပိုများလာပါတယ်။ အထူးသဖြင့် စင်ကာပူနိုင်ငံကို သွားကြတဲ့လူတွေ တော်တော်များပါတယ်။ ဒါ့ကြောင့် စင်ကာပူနိုင်ငံကိုသွားမယ့် မြန်မာလူငယ်တွေ ဗဟုသုတရစေဖို့ လေယာဉ်ပေါ်မှာ အရိုက်ဗယ်ကတ် (arrival card) ဘယ်လိုဖြည့်ရမယ်ဆိုတာ ပြောချင်ပါတယ်။ ဒီကတ်တွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူပါဘူး။ အခြေခံသဘောတရားတူပေမယ့် နည်းနည်းလေးတွေ ကွဲပြားပါတယ်။ ဒါကြောင့် မြန်မာလူငယ်တွေ အသွားအလာများတဲ့ စင်ကာပူအရိုက်ဗယ်ကတ်လေး အကြောင်းကို ရှင်းပြသွားပါမယ်။

**စင်ကာပူကတ်**

စင်ကာပူကတ်ကတော့ အရိုက်ဗယ်ကတ်လို့ ရေးမထားပါဘူး။ စင်ကာပူ အီမီဂရေးရှင်းကတော့ အဖြူရောင်ဝှိုက်ကတ် (white card) လို့ ပြောကြပါတယ်။ စင်ကာပူကတ်ပေါ်မှာ ရေးထားတာတွေကို တစ်လိုင်းစီ ရှင်းပြသွားပါမယ်။ ပထမဆုံးစာမျက်နှာက စပြပါမယ်။

**ပထမစာမျက်နှာ**

Republic of Singapore

စင်ကာပူသမ္မတနိုင်ငံ

→ Republic ရီပါတ်ပလစ်ဆိုတာက ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့သမ္မတ၊ ဝန်ကြီးချုပ်တို့ အုပ်ချုပ်တဲ့နိုင်ငံကို ပြောတာပါ။ ဘုရင်ကအုပ်ချုပ်တဲ့ နိုင်ငံဆိုရင် ကင်းဒမ် Kingdom လို့ ခေါ်ရပါမယ်။

Disembarkation/Embarkation form for visitors

စင်ကာပူနိုင်ငံကို လာတဲ့ဧည့်သည်တွေ လေယာဉ်အတက်အဆင်း ဖြည့်ရမယ့်ပုံစံ။

→ Embark အင်ဘာက်ဆိုတာက လေယာဉ်ပေါ်တက်တာကို ပြောတာပါ။ သင်္ဘော၊ ရထားလိုဟာပေါ် တက်တာကိုလည်း အင်ဘာက်လို့ ပြောလို့ရပါတယ်။

Disembark ဒစ်(စ်)အင်ဘာ(က်)ဆိုတာက ဆင်းတာပါ။ လေယာဉ်ရပ်နားသင်္ဘောပေါ်က ဆင်းတာကို ပြောတာ။

Welcome to Singapore

စင်ကာပူနိုင်ငံမှ ကြိုဆိုပါတယ်။

Immigration Act (Chapter 133 )

လူဝင်မှုကြီးကြပ်ရေးဥပဒေ( အပိုဒ် ၁၃၃)

Immigration အီမီဂရေးရှင်းဆိုတာက နိုင်ငံတစ်နိုင်ငံသို့ လာရောက်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ မြန်မာလို ဘာသာပြန်ထားတာကတော့ လူဝင်မှုကြီးကြပ်ရေးပေါ့။

→ Act အက်(တ်)ဆိုတာက ပြဋ္ဌာန်းထားတဲ့ ဥပဒေကို ပြောတာပါ။

Immigration Regulations

Regulations 32(2)

လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားချက် ၃၂ (၂)

Regulations ရယ်ဂူလေးရှင်းဆိုတာက စည်းကမ်းညွှန်ကြားချက်၊ ကန့်သတ်ချက်လို့ အဓိပ္ပာယ်ရပါတယ်။

This form is issued free of charge

ဤပုံစံသည် အခမဲ့ထုတ်ဝေပေးပါသည်။

→ form ဖွန်(မ်)- ပုံစံ

→ issue အစ်ရှူးထုတ်ပေးတာ

free of charge ဖရီးအော့(ဖ်) ချာ(ချ်) အလကား၊ အခမဲ့ အတိုအက်ဖ်အိုစီ FOC လို့လည်း ပြောကြတယ်။

→ charge ချာ(ချ်) ပိုက်ဆံတောင်းသည်။ အခကြေးငွေ။

**ဒုတိယစာမျက်နှာ**

Instructions

ညွှန်ကြားချက်များ

→ Instruct အင်စထရပ်(တ်)- ညွှန်ကြားသည်။

၁။ A Disembarkation/ Embarkation Form must be completed by all visitors including one for each child

လေယာဉ်အတက်အဆင်းပုံစံကို ကလေးများအပါအဝင် ခရီးသည်တိုင်း တစ်ယောက်လျှင် တစ်ခုဖြည့်ရပါမည်။

→ Complete ကွန်ပလိ(တ်)ဆိုတာ ဒီနေရာမှာပုံစံဖြည့်တာကို ပြောတာပါ။ Write the required information on a form လို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။ ပုံစံForm တစ်ခုပေါ်မှာ လိုအပ်တဲ့အချက်အလက်တွေကို ဖြည့်ပေးတာကို ကွန်ပလိ(တ်)လို့ခေါ်ရမှာပါ။ Please complete the form ဆိုရင် ကျေးဇူးပြုပြီးပုံစံကို ဖြည့်ပေးပါလို့ ပြောတာပါ။ Fill လို့ မသုံးပါဘူး။

၂။ Please complete form legibly in BLOCK LETTERS (one letter per box) and use only Black or Blue ink.

ပုံစံကိုစာလုံးကြီးများနှင့်ရှင်းရှင်းလင်းလင်းဖတ်လို့ရအောင်ရေးပြီး တစ်ကွက်မှာအက္ခရာတစ်လုံးဖြည့်ပါ။မင်အမည်းသို့မဟုတ် အပြာကိုပဲသုံးပါ။

Legibly လဲဂျီဗလီးဆိုတာ ရှင်းရှင်းလင်းလင်း ဖတ်လို့ရအောင် Legible လဲဂျီဘဲလ် clear enough to read. ဖတ်လို့ရအောင် ရှင်းနေအောင် ရေးထားတာ။

→ Letter အက္ခရာ (က၊ခစတဲ့ အက္ခရာတွေကို လက်တာလို့ခေါ်ရမှာပါ)။ Block Letters စာလုံးကြီးများဖြင့်ရေးပါ။ Capital Letter တွေကို ပြောတာပါ။ ဒီနေရာမှာ ကြုံလို့တစ်ဆက်တည်း ပြောရမယ်ဆိုရင် ဘယ်ပုံစံမှာမဆို Please print လို့ရေးထားရင် print ဆိုတာ စာလုံးကြီးနဲ့ Block Letter နဲ့ရေးပါလို့ ပြောတယ်ဆိုတာ မှတ်သားထားပါ။ မင်အနီ၊ အစိမ်းတွေနဲ့ မဖြည့်ရပါ။ မင်အမည်း ဒါမှမဟုတ် အပြာနဲ့ပဲ ရေးရမှာပါ။

၃။ Visitors are advised to check passports/travel documents for immigration and endorsements before they leave the check point.

ခရီးသည်များဟာ မိမိရဲ့ ပတ်(စ်)ပို့ ဒါမှမဟုတ် ခရီးသွားအထောက်အထား စာရွက်စာတမ်းတွေပေါ်မှာ လူဝင်မှုကြီးကြပ်ရေးဌာနက ဘာရေးပေးလိုက်တယ်ဆိုတာ စစ်ဆေးရေးကောင်တာက မထွက်ခင် သေချာကြည့်သွားကြပါ။

→ advise အက်ဒ်ဗိုက်စ်

ဒီနေရာမှာ အကြံဉာဏ်ပေးတာလို့ပြောတာမဟုတ်ပါဘူး။ အကြောင်းကြားတယ်။ ပြောလိုက်တယ်လို့ အဓိပ္ပာယ်ရပါတယ်။

→ Document ဒေါ့ကူမင်ဆိုတာက စာရွက်စာတမ်း၊ တရားဝင်မှတ်တမ်းအထောက်အထားကို ပြောတာပါ။

တချို့လူတွေရောက်တော့ တစ်ခါတလေ အကြောင်းကြောင်းကြောင့် ပတ်စပို့ပါမလာဘဲ ခရီးသွားအထောက်အထားလက်မှတ်ပဲ ပါလာတာပါ။ အဲဒါကို (travel document) လို့ ခေါ်ပါတယ်။

→ Endosement အင်ဒေါ့စ်မင်

ဒီနေရာမှာစာရွက်ပေါ်မှာမှတ်ချက် ရေးပေးတာကို ပြောတာပါ။(ထောက်ခံတယ်၊ သဘောတူတယ်လို့လည်း အဓိပ္ပာယ်ရပါသေးတယ်)။

ဒီစာပိုဒ်ရဲ့အဓိပ္ပာယ်ကတော့ခရီးသည်တွေ အီမီဂရေးရှင်းကောင်တာက ထွက်မသွားခင်မှာ ကိုယ့်ပါတ်စပို့ပေါ်မှာ ဗီဇာဘယ်လောက်ရတယ်ဆိုတာ ထုတ်ပေးလိုက်တယ်ဆိုတာကို ဖတ်သွားပါတဲ့။ တစ်ယောက်နဲ့ တစ်ယောက် ဗီဇာပေးတာ မတူပါဘူး။ တချို့ကို နှစ်ပတ်ထုတယ်။ တချို့ရောက်တော့ တစ်လထုတယ်။ အဲဒါကြောင့် ကိုယ့်ကိုနေထိုင်ခွင့် ဗီဇာဘယ်လောက်ပေးလိုက်တယ်ဆိုတာ ဖတ်ပြီးမှအီမီဂရေးရှင်းကောင်တာကထွက်ပါတဲ့။ ဆိုလိုတာက ကိုယ့်ကိုပေးတဲ့ဗီဇာကို မကျေနပ်ဘူးဆိုရင် ပြန်ပြောနိုင်ဆိုနိုင်အောင်ပါ။ တစ်ပတ်တည်း ထုလိုက်ရင် မဟုတ်ဘူး ငါ နှစ်ပတ်နေမှာတိုးပေး အဲလိုပြောနိုင်အောင်ပါ။

*(ဆက်လက်ဖော်ပြပါမည်)*

# အပန်းဖြေစခန်းများ၌ ရေပြင်သက်ကယ်သင်တန်းများ ဖွင့်လှစ်သင်ကြား



**ပုသိမ် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း၌ တည်ရှိသော ချောင်းသာ၊ ငွေဆောင်ပင်လယ်ကမ်းခြေအလှအပများကို ပြည်တွင်း ပြည်ပခရီးသည်များက စိတ်ဝင်စားကြ၏။

ထို့ကြောင့် ပွင့်လင်းရာသီကာလတွင် ပြည်တွင်း ပြည်ပမှ ခရီးသွားများ၊ အပန်းဖြေလေ့လာသူများ အများအပြားရောက်ရှိလာကြမည်။ ထို့အတူ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနမှလည်း ခရီးသွားဧည့်သည်များ ချမ်းမြေ့သာယာစွာ အပန်းဖြေအနားယူနိုင်ရန် ခေတ်မီရေပေါ်လှိုင်းစီး ကစားနည်းများဖြင့် စီစဉ်ဆောင်ရွက်ပေးသကဲ့သို့ ဟိုတယ်ဇုန်များဖွဲ့စည်း၍ ရေပြင်သက်ကယ်လုံခြုံရေး အဖွဲ့များကူညီစောင့်ရှောက်ရန် စီစဉ်ထားရှိသည်။ ငွေဆောင်ကမ်းခြေသည် ပင်လယ်ကမ်းခြေအကျယ် လေးမိုင်ကျော်ရှိသဖြင့် သက်ဆိုင်ရာဟိုတယ်များက ကိုယ်ပိုင်အစီအစဉ်ဖြင့် တာဝန်ယူကြရသည်။ ချောင်းသာကမ်းခြေသည် တစ်မိုင်သာသာခန့်သာ ကျယ်ဝန်းသည်။ ရေတက်၊ ရေကျမတူညီ၊ လှိုင်းလေကောင်းမှုအချိန်နာရီ သတ်မှတ်ရ၏။ အပျော်စီး ရှပ်ပြေးလှေငယ်များ၊ ပင်လယ်ရေလှိုင်းစီးစက်တပ်လှေများဖြင့် ဇိမ်ခံသူများ၊ ဗဟုသုတရှာဖွေလိုသည့် ခရီးသွားဧည့်သည်များကလည်း စက်တပ်လှေများဖြင့် ပင်လယ်အတွင်းသို့ လှည့်လည်ကြမည်။ အပေါင်းအသင်းများဖြင့် ပင်လယ်လှိုင်းတန်းများကြား ပျော်ပျော်ပါးပါးအနားယူ စီးခိုသူများပြားမှုရှိမည်။ သဘာဝပင်လယ်ရေပြင်မှာ အမှတ်မထင် အန္တရာယ်လည်း ကြုံတွေ့နိုင်သည်။

**လေ့ကျင့်သင်ကြား**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဦးဌေးအောင်သည် အောက်တိုဘာ ၂၆ ရက်က ချောင်းသာ၊ ငွေဆောင် အပန်းဖြေစခန်းများသို့ ရောက်ရှိပြီး သက်ဆိုင်ရာဟိုတယ်ဇုန်၊ မန်နေဂျာ၊ ပိုင်ရှင်၊ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းများအား ရေပြင်သက်ကယ်သင်တန်း ပို့ချပေးရန် စီစဉ်ပေးခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များကို နေ့စဉ်မပြတ်လေ့ကျင့်သင်ကြား ပေးလျက်ရှိကြောင်း သိရသည်။

**ပုသိမ်(လှကြည်)**


**ဖခင်အမည်မှန်**

ဂန့်ဂေါမြို့နယ်၊ ကျောရွာအထက နဝမတန်း(B)မှ မောင်ကောင်းညီဦး ကျောင်းဝင်အမှတ် ၇၇၁၃၏ ဖခင်အမည်မှန်မှာ ဦးဌေးမြင့်ဖြစ်ပါကြောင်း။ **ဦးဌေးမြင့်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ည/၉၅၂၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၆၉၆၀၉ ယာဉ်လက်ဝယ်ရှိသူ ဦးဗျက်လွမ် ၄/ဖလန(နိုင်)၀၄၃၄၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆င/၉၇၆၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် BB/9229 Toyota Probox NCP55 ယာဉ်လက်ဝယ်ရှိသူ Glory Hey-day Services Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၄၇၄၅၄ Shayan 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းအောင် ၉/မထလ(နိုင်)၂၇၇၂၈၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၂ယ/၁၉၉၈၃ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျောက် ၁၃/ကတန(နိုင်)၀၄၄၀၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (တာချီလိတ်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၀ယ/၁၈၃၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူအောင် ၉/ပမန(နိုင်)၁၇၅၅၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ခ/၇၃၀၇ Nissan Diesel CW 53 AHV-DUMP TRUCK (6×4) RHD ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်အောင် ၅/ကလထ(နိုင်)၁၀၅၈၇၀ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မော်လမြိုင်မြို့နယ်၊ ကြာအင်းကျေးရွာ၊ ကျိုက္ခမီလမ်းမကြီး၊ အိမ်အမှတ် (၈)တွင် နေသော ဒေါ်တင်မိုးအေး ၃/ဘအန(နိုင်)၂၃၁၀၉၂၏သမီးဖြစ်သူ မအေးမိုးမိုးသန့် (မှတ်ပုံတင်မရှိ) သည် မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စအမျိုးမျိုးပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်တင်မိုးအေး ၃/ဘအန(နိုင်)၂၃၁၀၉၂**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၇၁၈၀ Kenbo 125 M/C လက်ဝယ်ရှိသူ ဒေါ်နန်းမိုးမိုးလှိုင် ၅/မမန (နိုင်)၂၀၄၁၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ၍သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၇၉၀၅ Yinxiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၈/မမန(နိုင်)၀၈၆၈၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၅၄၀၉၄ Feiling 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုး ၁၂/လကန(နိုင်)၁၅၈၀၉၄ မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူး(ပဲခူး)**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၇၈၀၃၊ Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတေဇလှိုင် ၉/မရမ(နိုင်)၀၀၇၃၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ပျောက်ဆုံးကြောင်း**



အသက် (၃) နှစ်အရွယ် Siberian Husky အမျိုးအစားခွေးလေး ၃၀-၁၀-၂၀၁၄ရက် မွန်းလွဲ ၁နာရီခန့်တွင် ဗဟန်းမြို့နယ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၇၉၇၃၈၊ ၀၉-၅၁၂၅၈၆၇

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ကရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံကျောင်းများတွင် တိုင်းရင်းသားစာပေသင်ယူသူ ကျောင်းသားဦးရေ သုံးသောင်းကျော်ရှိလာ

ပုသိမ် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေများကို ပညာရေးဌာနနှင့် ပြင်ပဆရာ စုစုပေါင်း ၇၂၉ ဦးဖြင့် သင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူအများစု စိတ်ပါဝင်စားစွာ သင်ယူလေ့လာလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီတိုင်း ဒေသကြီးအတွင်းမှာ တိုင်းရင်းသားအစုံရှိပါတယ်။ ဗမာလူမျိုးအပြင် ကရင်၊ မွန်နဲ့ ချင်းလူမျိုးတွေ အများဆုံးနေထိုင်ကြပါတယ်။ တိုင်းရင်းသားစာပေကို မိရိုးဖလာ ပြောဆိုတတ်ကြပေမယ့် အများစုက အရေးအသားပိုင်းလည်း အားနည်းတာကို တွေ့ရတယ်။ မြန်မာစာအပြင် အခြား တိုင်းရင်းသားဘာသာစကားတွေကို စနစ်တကျနဲ့ သင်ကြားပေးရခြင်းကြောင့် တိုင်းရင်းသားတွေပိုပြီး ရင်းနှီးလာစေသလို ရိုးရာယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းရာ ရောက်ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၄၂၃ ကျောင်းတွင် တိုင်းရင်းသားစာပေများကို သင်ကြားပေးလျက်ရှိပြီး တိုင်းရင်းသားစာပေများကို သင်ယူဆည်းပူးသူ ကျောင်းသား ကျောင်းသူဦးရေမှာ ၃၁၆၉၉ ဦးအထိ ရှိကြောင်း သိရသည်။

သတင်း- ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး



"အိမ်မှာတော့ ကရင်လို ပြောပေမယ့် ကျောင်းတွေမှာ ပြောဖို့ အခွင့်အလမ်း မရှိဘူးလေ။ တောကျောင်းတွေကနေ အတန်းကြီးလို့ မြို့ကျောင်း ပို့တဲ့အခါ ဘာသာစကားကြောင့် အခက်အခဲတွေ ကြုံခဲ့ရလို့ နောက်ပိုင်းမှာ ငယ်ငယ်ကတည်းက မြန်မာလိုပဲ အဓိက သင်ကြားကြတော့ ကိုယ့်တိုင်းရင်းသားစာပေက တဖြည်းဖြည်း ပျောက်ကွယ်လု ဖြစ်လာရတယ်။ အခုလို ကျောင်းတွေမှာ ပြန်သင်ကြားပေးလို့ အလွန်ကောင်းပါတယ်။ ကလေးတွေအတွက် ကိုယ့်ဘာသာစကားရဲ့ တန်ဖိုးကိုသိပြီး ထိန်းသိမ်းတတ်လာမယ်" ဟု ပုသိမ်မြို့မှ ဒေသခံ ကရင်အမျိုးသမီး နန့်ဒေလီယာက ပြောသည်။

အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး၏ (၁၁) ကြိမ်မြောက် လွှတ်တော်ပုံမှန် အစည်းအဝေးအတွင်း ပန်းတနော်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမန်းသက်တင်ကလည်း အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေများ ထပ်မံတိုးချဲ့သင်ကြားပေးနိုင်ရေးအတွက် မေးခွန်းများ မေးမြန်းတင်ပြခဲ့ကြောင်း သိရသည်။

**စတင်**

"ထပ်မံပြီး တိုးချဲ့သင်ကြားပေးဖို့ လျာထားတာရှိပါတယ်။ လက်ရှိမှာ ပညာရေးလက်အောက်က ဆရာ ဆရာမတွေထဲက တိုင်းရင်းသားစာပေ သင်ကြားနေသူ ၃၀၆ ဦးရှိပြီး ပြင်ပကနေ ငှားရမ်းထားတဲ့ ဆရာ ဆရာမဦးရေက ၄၂၃ ဦး ရှိနေပြီ ဖြစ်ပါတယ်။ ကလေးတွေရဲ့ လိုက်ပါသင်ယူမှုကိုလည်း လေ့လာလျက်ရှိပါတယ်။ တိုင်းရင်းသားစာပေ သင်ကြားမှုကို ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကနေ စတင်ခဲ့တာဖြစ်လို့ နှစ်နှစ်ရှိပါပြီ" ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြောကြားသည်။

(မြန်မာ့အလင်း)

## လယ်ဝေးမြို့နယ် အောင်ချမ်းသာရွာ ပေါင်းလောင်းမြစ်ကူးတံတား ပြုပြင်မွမ်းမံရန် ထောက်ပံ့ငွေပေးအပ်

လယ်ဝေး နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီ နယ်မြေ လယ်ဝေးမြို့နယ် အရှေ့ဘက်ခြမ်းရှိ အေးချမ်းသာကျေးရွာအုပ်စု ပေါင်းလောင်းမြစ်ကူးတံတား ပြုပြင်မွမ်းမံနိုင်ရန်အတွက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်သိန်း ၂၀ လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ရာ ယင်းလှူဒါန်းငွေများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးက အလှူရှင်ကိုယ်စား သွားရောက်လှူဒါန်းခဲ့သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးက ပေါင်းလောင်းမြစ်ကူးတံတား ပျက်စီးယိုယွင်းမှု တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက ပြုပြင်မွမ်းမံရေး ကော်မတီအနေဖြင့် အရန်သင့်ပြုပြင် စရိတ်ငွေများကို လက်ဝယ်ရှိနေနိုင်မည်ဖြစ်ပြီး ယခုကဲ့သို့ လှူဒါန်းငွေများကို မပျောက်ပျက်အောင် ဘဏ်တွင် သိမ်းဆည်းထားရှိစေပြီး တံတား ရေရှည်ထိန်းသိမ်းရာတွင် ကြုံလာမည့် အခက်အခဲများအတွက် ကိုင်တွယ်ဖြေရှင်းရန် အပိုစုဆောင်း ငွေကြေးများရှိရန် လိုအပ်သောကြောင့် ယခုကဲ့သို့ လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါမြစ်ကူးတံတားဖြစ်ပေါ်လာရန်အတွက် ဒေသခံများ၏ ငွေကြေး ကောက်ခံမှုများဖြင့် ကိုယ့်အားကိုယ်ကိုး ထည့်ဝင်ငွေကျပ် သိန်းပေါင်း ၂၀၀ ဝန်းကျင်ခန့် အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇူလိုင် ၂၀ ရက်က ဖွင့်လှစ်ခဲ့သော တံတားဖြစ်ကြောင်း သိရသည်။ မင်းမင်းလတ်(မန်းတက္ကသိုလ်)

# WY စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ပခုက္ကူ နိုဝင်ဘာ ၂

ပခုက္ကူမြို့တွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်နေကြောင်း သတင်းအရ ပခုက္ကူခရိုင် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရုံးမှ ကြီးကြပ်လျက် မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဝင်းမြင့်၊ ဒုရဲအုပ် ရဲဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်းအကူတပ်ဖွဲ့ဝင်များ၊ မူးယစ်အထူးအဖွဲ့မှ တပ်ကြပ်ကြီးစိုးညွှန့်အောင်နှင့် အဖွဲ့တို့သည် သက်သေများဖြစ်သော အမှတ် (၁၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းသန့်၊ ဆယ်အိမ်မှူး ဦးနေလင်းတို့နှင့်အတူ သတင်းအရ ရှာဖွေပုံစံဖြင့် ပခုက္ကူမြို့ အမှတ်(၁၁) ရပ်ကွက် ၁၉ လမ်း (ရွှေလမ်းမကြီး အနောက်ဘက်)ရှိ ကျော်သန်း(ခ) ဖိုးထောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်း၏ နေအိမ်အောက်အဖီ ရေတံလျှောက်အတွင်းမှ WY စာတန်းပါပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၁၆၆ပြား၊ နေအိမ် အိပ်ခန်း ခြေနင်းခုံအဖြစ် အသုံးပြုထားသည့် သစ်သားတုံးအပေါက် အတွင်းမှ ဆေးပြား ၁၉၇ ပြား၊ နေအိမ် အိပ်ခန်းအောက် ရှာဖွေရာမှ မြေကြီးအတွင်းဝှက်၍ မြှုပ်ထားသော ဆေးပြား ၁၁၉၄ ပြား စုစုပေါင်း ၁၅၅၇ ပြား ကာလတန်ဖိုး ငွေကျပ် ၇၇၈၅၀၀၀ ကို တွေ့ရှိရသဖြင့် အိမ်ရှင် ကျော်သန်း(ခ) ဖိုးထောင်ကို ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(၁၀၂)

**စာအုပ်စာပေ လူ့မိတ်ဆွေ**


**စားသောက်ဆိုင်များတွင် စားသုံးမှုအပေါ် ကောက်ခံထားသည့် ကုန်သွယ်လုပ်ငန်းခွန်များကို နိုင်ငံတော်သို့ အပြည့်အဝရရှိစေရေး မေတ္တာရပ်ခံချက်**

* မြန်မာနိုင်ငံတွင် စားသောက်ဆိုင်များ၌စားသုံးမှုအပေါ် အခွန်ကောက်ခံခြင်းကို ၁၉၄၉ ခုနှစ်၊ ဟိုတယ်နှင့်ပျော်ပွဲစားရုံခွန် အက်ဥပဒေဖြင့် စတင်ကောက်ခံခဲ့ခြင်းဖြစ်ပြီး လက်ရှိ ၁၉၉၀ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ စားသုံးမှုအတွက် ကျသင့်ငွေ၏ ၅ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကောက်ခံလျက်ရှိပါသည်။

* စားသောက်ဆိုင်လုပ်ငန်းရှင်သည် စားသုံးသူက ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်းကို မြို့နယ်အခွန်ဦးစီးဌာနမှုးရုံးက တံဆိပ်ရိုက်နှိပ်ပေးထားသော ပြေစာဖြင့် စားသုံးမှုအတွက် ကျသင့်ငွေနှင့်အတူ ကောက်ခံလျက်ရှိပါသည်။

* စားသောက်ဆိုင် လုပ်ငန်းရှင်များအနေနှင့် ပြည်တွင်းအခွန်များဦးစီးဌာနကိုယ်စား ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံပေးခြင်းအတွက် ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရန် အလို့ငှာမြို့နယ်အခွန်ဦးစီးမှူးရုံးက တံဆိပ်ရိုက်နှိပ်ပေးထားသော ပြေစာ အသုံးပြုရခြင်းအစား ကုန်သွယ်လုပ်ငန်းခွန် အခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကို စားသုံးသူသို့ထုတ်ပေးမည့်ပြေစာတွင် ကျသင့်အခွန်ငွေနှင့်ညီမျှသည့် တန်ဖိုးအတိုင်း ကပ်နှိပ်ထုတ်ပေးစေခြင်း အစီအစဉ်ဖြင့် အစားထိုးကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

* ကုန်သွယ်လုပ်ငန်းခွန် အခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကို စားသုံးသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်ထုတ်ပေးစေခြင်း အစီအစဉ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ စားသောက်ဆိုင်များတွင် ၂၀၁၄ခုနှစ်၊နိုဝင်ဘာလမှ စတင်ဆောင်ရွက်နိုင်ရေးအတွက် အခွန်အမှတ်တံဆိပ် Commercial Tax Stamp Labelများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိ စားသောက်ဆိုင်များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ပါသည်။

* သို့ဖြစ်ပါ၍ ရန်ကုန်မြို့အတွင်းရှိ စားသောက်ဆိုင်များတွင် စားသုံးကြသော မိဘပြည်သူများအနေဖြင့် မိမိတို့ ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အား နိုင်ငံတော်သို့အပြည့်အဝရောက်ရှိစေရန်အတွက် စားသောက်ဆိုင်မှ ထုတ်ပေးသောပြေစာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပေးထားခြင်းရှိ-မရှိ စိစစ်ပြီးမှကျသင့်ငွေအား ရှင်းလင်းပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်-

* ပြေစာတွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်အား သီးခြားဖော်ပြထားပါက ဖော်ပြထားသော အခွန်ငွေနှင့်ညီမျှသည့် အခွန်အမှတ်တံဆိပ်များကို ကပ်နှိပ်ပေးထားခြင်း ရှိ-မရှိ ၊

* ပြေစာတွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်အား သီးခြားဖော်ပြထားခြင်းမရှိဘဲ ကျသင့်ငွေတွင် ကုန်သွယ်လုပ်ငန်းခွန် အပါအဝင် ကောက်ခံထားခြင်းဖြစ်ပါက အဆိုပါကျသင့်တန်ဖိုးငွေ၏ ၅ ရာခိုင်နှုန်းနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ပေး ထားခြင်း ရှိ-မရှိ ၊

**ပြည်တွင်းအခွန်များဦးစီးဌာန**



**စစ်ကိုင်းပညာရေးတက္ကသိုလ်**
**(၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်**
**ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

စစ်ကိုင်းပညာရေးတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၁-၁၁-၂၀၁၄ရက်မှ ၂၃-၁၁-၂၀၁၄ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်။

၁။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၄-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့)
၂။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၁၁-၂၀၁၄ ရက်(တနင်္လာနေ့)၊ မွန်းလွဲ ၂း၀၀ နာရီ
၃။ **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၁၀-၁၁-၂၀၁၄ ရက်(တနင်္လာနေ့)၊ ညနေ ၃း၀၀ နာရီ
၄။ **တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ** - အစည်းဝေးခန်းမ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်

အသေးစိတ်သိရှိလိုပါက မော်ကွန်းထိန်း (သင်တန်းရေးရာ)သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၇၂-၂၂၀၈၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံ/ဗီဒီယိုလုပ်ငန်းဆပ်ကော်မတီ**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**



**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ တွဲ၊ ရေယာဉ်နှင့်ပစ္စည်းများအား လေလံတင်ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-
(က) ပီပီအိတ်ထုတ်လုပ်ရာမှ ထွက်ရှိလာသော ပယ်အိတ်၊ ဖြတ်စ/ညှပ်စနှင့် ချည်မျှင်အလေအလွင့်များ
(ခ) တွဲအမှတ် ဆ/၆၀၉၆၊ ရွှေဗျိုင်းရေယာဉ်၊ ကျွန်းချောင်းရေယာဉ်၊ ယူရီးယားရေယာဉ်
(ဂ) မော်တော်ယာဉ်အပိုပစ္စည်း ၁၈၇ မျိုး၊ တိုင်ကီအဟောင်း ၅၁ လုံး၊ စက်ပစ္စည်းအဟောင်းများ

| စဉ် | အကြောင်းအရာ | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | တင်ဒါပိတ်မည့်ရက်နှင့် ဖွင့်မည့်ရက်/အချိန် |
|---|---|---|---|
| (က) | သန်လျင်ပီပီအိတ်စက်ရုံမှ ပယ်အိတ်၊ ဖြတ်စ/ညှပ်စ၊ ချည်မျှင်အလေအလွင့်များ | ၇-၁၁-၂၀၁၄ရက် | ၂၅-၁၁-၂၀၁၄ရက် ၁၂း၀၀နာရီ<br>၂၅-၁၁-၂၀၁၄ ရက် ၁၃း၀၀ နာရီ |
| (ခ) | တွဲအမှတ် ဆ-၆၀၉၆၊ ရွှေဗျိုင်းရေယာဉ်၊ ကျွန်းချောင်းရေယာဉ်၊ ယူရီးယားရေယာဉ် | ၇-၁၁-၂၀၁၄ ရက် | ၂၇-၁၁-၂၀၁၄ ရက် ၁၂း၀၀ နာရီ<br>၂၇-၁၁-၂၀၁၄ ရက် ၁၃း၀၀နာရီ |
| (ဂ) | မော်တော်ယာဉ်အပိုပစ္စည်း ၁၈၇ မျိုး၊ တိုင်ကီ အဟောင်း ၅၁ လုံးနှင့် သန်လျင်လွန်းကျင်းရှိ စက်ပစ္စည်းအဟောင်းများ | ၇-၁၁-၂၀၁၄ ရက် | ၂၇-၁၁-၂၀၁၄ ရက် ၁၃း၀၀ နာရီ<br>၂၇-၁၁-၂၀၁၄ ရက် ၁၄း၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဘဏ္ဍာရေးဌာန၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်နှင့် ဘဏ္ဍာရေးဌာန (ရန်ကုန်ရုံး) အမှတ် (၇)(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဝမ်းပျက်ဝမ်းလျှောရောဂါတိုက်ဖျက်ရေး ခြောက်နှစ်စီမံကိန်းဖြင့်ဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၂**

ပြည်သူများအကြား ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု လျော့နည်းနိုင်စေရေးအတွက် ခြောက်နှစ်စီမံကိန်းတစ်ရပ်ချမှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

လွန်ခဲ့သည့် လများအတွင်း ရန်ကုန်မြို့၌ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားမှုနှုန်း မြင့်တက်ခဲ့ပြီးနောက် အဆိုပါ ဝမ်းပျက်ဝမ်းလျှော တိုက်ဖျက်ရေး စီမံကိန်းကို ချမှတ်ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဝမ်းပျက်ဝမ်းလျှောရောဂါ တိုက်ဖျက်ရေးစီမံကိန်းကို ယခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ခြောက်နှစ်ဆက်တိုက် ပြည်သူများအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ လက်ကမ်းကြော်ငြာများ ဖြန့်ဝေပေးခြင်း၊ ဟောပြောမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ခြောက်နှစ်အတွင်း အစာမစားမီ လက်ဆေးသည့် အလေ့အထများ ပြည်သူများအတွင်း တိုးပွားလာကာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းသွားရန် မျှော်လင့်ထားသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကူးစက်တတ်သော ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့်ဖြစ်ပွားရခြင်း ဖြစ်သည်။ အထူးသဖြင့် ကလေးများတွင် ဖြစ်ပွားလေ့ရှိပြီး စနစ်တကျကုသမှု ခံယူခြင်းမရှိပါက အသက်အန္တရာယ် ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်သည်။ ကလေးများနှင့် မိသားစုဝင်များ အားလုံး လက်ဆေးခြင်းအလေ့အထကို တိုးမြှင့်ဆောင်ရွက်လာစေရန် ရည်ရွယ်လျက် အခြေခံပညာကျောင်းများ၌ လက်ဆေးခြင်း ပညာပေးဟောပြောမှုများ ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။

**သတင်း - ကြည်တိုင်းအောင်**

# မော်လူးအထကတွင် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်

**မော်လူး နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအခြေခံပညာ အထက်တန်းကျောင်း၌ မော်လူးဒေသ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း(၁/၂၀၁၄)မှ သင်တန်းသားများက မီးသတ်ကားဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်သင်ကြားမှုကို အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသင်တန်းတွင် မီးသတ်ကားဖြင့် မီးငြိမ်းသတ်နည်း၊ ပိုက်လိပ်၊ ပိုက်ခေါက်ခြင်းနည်းများကို လက်တွေ့သရုပ်ပြသင်ကြားပေးခြင်းအပြင် အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၁၄)တွင် မီးသတ်စွမ်းရည်ပြည့် အခြေခံမီးသတ်တပ်ဖွဲ့ဝင်များဖြစ်လာရန်၊ လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့် ဖြစ်ရန်လိုအပ်ကြောင်း သင်ကြားခြင်း၊ လုပ်ငန်းအတွေ့အကြုံနှင့် သင်တန်းအတွေ့အကြုံဆိုင်ရာ သင်ကြားပေးခြင်းတို့ကို နည်းပြသင်တန်းမှူး မော်လူးဒေသ အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးအောင်လင်းနှင့် တပ်ကြပ်ကြီး ဦးစိန်ဦးတို့က စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြား ပြသနေခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ အောက်တိုဘာ ၆ ရက်မှ ၃၁ ရက်အထိ ရက်သတ္တလေးပတ်ရှိကြောင်း၊ သင်တန်းသားများအဖြစ် မော်လူး၊ ဟဲနု၊ အုန်းဒုတ်၊ မင်းသာကျေးရွာများမှ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို မော်လူးကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်နှင့် မော်လူးဒေသ အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးခင်အောင်တို့က ကသာခရိုင် မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး၏ ညွှန်ကြားချက်ဖြင့် မော်လူးဒေသ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **(၂၆၇)**



# သာယာဝတီမင်းတည်ခဲ့သော ရွှေဟောင်းစေတီတော် ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေ

**ဇီးကုန်း နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အရှေ့ဘက် ၁၀ မိုင်ခန့်အကွာရှိ ဘော်ဘင်ကျေးရွာတွင် သာယာဝတီမင်းတည်ထားခဲ့သော ဉာဏ်တော် ၂၇ တောင်ရှိ ဗောဓိဉာဏစေတီတော်ကြီးမှာ အရံစေတီတော်များနှင့်အတူ ဇူလိုင်လအတွင်းက ပြိုကျပျက်စီးခဲ့ပြီး ပြုပြင်ထိန်းသိမ်းမည့်သူမရှိဘဲ အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ဘုရားပြိုကျနေတာ လေးလကျော်ရှိသွားပြီ၊ သမိုင်းဝင်စေတီတော်ဖြစ်တာကြောင့် အချိန်မီပြုပြင်ထိန်းသိမ်းသင့်တယ်။ တစ်ခုလုံးပြင်နိုင်ရင် ပိုကောင်းမယ်။ ဒီအတွက်အလှူရှင်တွေလည်း လိုအပ်နေပါတယ်"ဟု ဘော်ဘင်ကျေးရွာမှ အင်တိုင်းကုန်းကျောင်းဆရာတော် ဦးဉာဏက မိန့်ကြားသည်။ ဗောဓိဉာဏစေတီတော်ကို ၂၀၀၈ ခုနှစ်ခန့်က ဒုတိယအကြိမ် ထီးတော်တင်လှူခဲ့ပြီး ခြောက်နှစ်အကြာ ၂၀၁၄ ခုနှစ်တွင် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကာ ပြန်လည်ပြုပြင်ရန် ယခုအချိန်အထိ အလှူရှင်မပေါ်သေးကြောင်း သိရသည်။

ဗောဓိဉာဏစေတီတော်ကို မြန်မာသက္ကရာဇ် ၆၇၄ ခုနှစ်တွင် သာယာဝတီမင်းက စတင်တည်ထားခဲ့ပြီး ဒေသတစ်ဝိုက်တွင် ထင်ရှားသောစေတီတော်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**



**ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျောက်ဖြူကျေးရွာအုပ်စု အစုလေးကျေးရွာ မူလတန်းကျောင်းမှ ကလေးငယ် ၁၂၀ အား ကျန်းမာဖွံ့ဖြိုးစေရန်နှင့် ဉာဏ်ရည်တိုးတက်စေရန်အတွက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အောက်တိုဘာ ၂၉ ရက်တွင် နွားနို့များ တိုက်ကျွေးစဉ်။**

(ခရိုင် ပြန်/ဆက်)

## သတင်းတို

### လက်တွေ့ဝင်ငွေရစက်ချုပ်သင်တန်း သင်တန်းဆင်းပွဲကျင်းပ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော လက်တွေ့ဝင်ငွေရ စက်ချုပ်သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန သင်တန်းခန်းမ၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သပြေကုန်း၊ သစ်တပ်၊ ညောင်ပင်ကြီးစု၊ ငကောင်းကံ၊ သပြေတန်းနှင့် ကျီးပြာရိုးကျေးရွာတို့မှ သင်တန်းသူ ၅၀ ကို သင်ကြားပေးနိုင်ခဲ့ကြောင်းနှင့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**
**(တင်ဒါခေါ်ယူခြင်း)**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် အမြဲနေထိုင်ခွင့်စနစ် (PR System)လုပ်ငန်းနှင့်ပတ်သက်သော နည်းပညာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၃-၁၁-၂၀၁၄ ရက်မှစ၍ ၁၇-၁၁-၂၀၁၄ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစားများနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ်၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူနိုင်ပြီး ၁၇-၁၁-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ချင်းပြည်နယ်အစိုးရအဖွဲ့**
**ဟားခါးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၊ ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၏ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ (ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း)လျှပ်စစ်နှင့်စက်မှုပိုင်းဆိုင်ရာပစ္စည်းများဝယ်ယူခြင်းနှင့်ဓာတ်အားလိုင်းများတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ၁-၁၁-၂၀၁၄ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၃၀-၁၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) **ဖုန်း-၀၇၀-၂၁၉၄၄**
(ခ) **ဖုန်း-၀၇၀-၂၂၄၂၄**

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့**
**ပစ္စည်းတင်ဒါခေါ်ယူခြင်း(အမှတ်-၆)**

၁။ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မော်လိုက်ခရိုင်မှ ဆောင်ရွက်လျက်ရှိသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တတိယ(၃)လပတ်နှင့် (RE)လုပ်ငန်းများတွင် အသုံးပြုရန် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| ၁။ | ကျောက်စရစ် | ၂၈၃ ကျင်း |
| ၂။ | မြစ်သဲ | ၁၇၀ ကျင်း |
| ၃။ | ၆"-၉" ကျောက် | ၁၀၉ ကျင်း |
| ၄။ | ၁/၄" - ၃/၄" ခွဲကျောက် | ၈၆ ကျင်း |
| ၅။ | ၁/၈"-၁/၂" ခွဲကျော် | ၁၆.၅ကျင်း |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၄ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လိုက်မြို့၊ ဖုန်း-၀၇၃-၄၂၀၀၄
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၀-၁၁-၂၀၁၄ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၀-၁၁-၂၀၁၄ရက်၊ မွန်းလွဲ ၁၄း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - မြို့နယ်လက်ထောက်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လိုက်မြို့၊

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မော်လိုက်မြို့၊ ဖုန်း-၀၇၃-၄၂၁၀၄၊ ၀၇၃-၄၂၀၄၈**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဂ/၂၃၅၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/7805 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃C၊ မြေကွက်အမှတ် V၁၂၇၊ မြေကွက်တည်နေရာအမှတ် ၈၀၊ ဆင်ရေကန်လမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ် ဦးကျွက်နှင့် ဒေါ်ဒွေးဖြူ အမည်ပေါက် နှစ်(၉၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျွက်နှင့် ဒေါ်ဒွေးဖြူတို့နှစ်ဦးစလုံးကွယ်လွန်ပြီး သမီး ဒေါ်ဖွားညွန့် အပိုကြီးဘ၀ဖြင့်ကွယ်လွန်ပြီး သမီးဒေါ်မြစိန်နှင့် ခင်ပွန်း ဦးအောင်ညွန့်တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးအေးသောင်း ၁၂/အလန(နိုင်)၀၁၉၉၂၂ အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၄၆၈/၉-၅-၁၄ ဖြင့် ဒေါ်ကျင်အေး ၁၂/တတန(နိုင်)၁၀၉၇၂၅ အားလွှဲအပ်၍ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ မှတ်ပုံတင်၊ ဂရန်တို့တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၄၄၇၊ မြေကွက်တည်နေရာအမှတ် ၄၄၇၊ မင်းရဲကျော်စွာ (၁)လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးလှတင် ၁၂/ဒပန(နိုင်)၀၂၃၉၉၄အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှတင် ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်အေး ၁၂/ဒပန(နိုင်)၀၂၃၉၉၅ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ(၂၂၂၆၄/၁၄)ရရှိသူ ဦးမျိုးမင်းအောင် ၁၂/တမန(နိုင်)၀၀၃၅၀၃မှ ကျမ်းကျိန်လွှာ၊ (၁၈-၈-၂၀၁၄)တိုင်းကျန်းမာရေးဦးစီးဌာနမှ ပြန်စာ၊ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှထောက်ခံစာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကလောမွန်-ရာလ်လန်-လျန်ဒု-ဆိမ်ဇောလ်-ဘွာလ်လန်ဇောလ်လမ်း အရှည် ၁၉/၁ မိုင်နှင့် အကျယ် ၁၈ ပေ ဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးလာလ်ဟုပ်ထန်းတို့ အောက်တိုဘာ၂၈ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ နေစု(ချင်းရိုးမ)

# SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်အတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Agency အစည်းအဝေးကို တောင်ကြီး (အေးသာယာ)စက်မှုဇုန် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပသည်။

ရှမ်းပြည်နယ်အတွင်းရှိ စက်မှုဇုန်များ၏ မြေနေရာချထားမှု၊ မြေကွက်လွတ်များအတွက် Project Proposal နှင့် Financial Proposal များအခြေအနေ၊ SME များအတွက် လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်ကောင်း ဖြစ်ပေါ်စေရေးအတွက် မှတ်ပုံတင်ခြင်း၊ စောင့်ကြည့်သုံးသပ်ခြင်း၊ လုပ်ငန်းစတင်ထူထောင်နိုင်ရေးအတွက် ပံ့ပိုးခြင်း၊ On Line Registration Informal ဖြစ်နေသော SMEs များအား Formal ဖြစ်အောင် ဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးညှိနှိုင်းရန်အတွက် အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် ရှမ်းပြည်နယ် SME Agency ဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်တို့က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် SME Agency အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက စက်မှုဇုန်များမြေနေရာချထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် SME Agency အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် စက်မှုဇုန်/စက်မှုရပ်ကွက် တာဝန်ရှိသူများ၊ စီမံခန့်ခွဲရေးကော်မတီဝင်များက မိမိတို့လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် SME Agency ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားကာ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

# ပြည်နယ်ဝန်ကြီးချုပ်ဖလား နပန်းအားကစားပြိုင်ပွဲ စည်ကားစွာကျင်းပမည်

**စစ်တွေ နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းအားကစားပြိုင်ပွဲကြီးကို စစ်တွေမြို့ ဝေသာလီ အားကစားခန်းမ၌ နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲကြီးနှင့်အတူ ဒေသတွင်းအားကစားပြိုင်ပွဲများကို စစ်တွေမြို့၏ သတ်မှတ်နေရာအသီးသီးတွင် နိုဝင်ဘာ ၁ ရက်မှစ၍ ကျင်းပလျက်ရှိကြောင်း သိရသည်။

အားကစားပြိုင်ပွဲများသို့ ပြည်သူများ ပျော်ရွှင်စွာ ကြည့်ရှုအားပေးနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ပြန်ကြားရေးဆပ်ကော်မတီမှ နပန်းအားကစားပြိုင်ပွဲ လှုံ့ဆော်ရေးအလှပြယာဉ်ဖြင့်လှည့်လည်ပြီး အဆိုပါယာဉ်ဖြင့် လိုက်ပါလာသည့် ရခိုင်တေးသံရှင်များက ရခိုင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ ပြိုင်ပွဲကျင်းပမည့် အစီအစဉ်များကို ပြည်သူများ သိရှိနိုင်ရန် မြို့ပေါ်ရပ်ကွက်များသို့ အောက်တိုဘာ ၃၀ ရက်က လှည့်လည် အသိပေး လှုံ့ဆော်လျက်ရှိကို တွေ့ရသည်။

**(ပြည်နယ် ပြန်/ဆက်)**



## သတင်းတိုများ

### ဇီးကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လွှတ်တော်ကိုယ်စားလှယ်ကြည့်ရှု

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြို့နယ်ကြက်ခြေနီရုံး မွမ်းမံပြင်ဆင်မှု၊ ဇီးကုန်းအထကကျောင်း ပြင်ဆင်မွမ်းမံမှု၊ မြို့နယ်အားကစားကွင်း၊ မြို့နယ်ခန်းမနှင့် ခုတင် ၅၀ ဆံ့ဆေးရုံ တည်ဆောက်နေမှု၊ မြို့တွင်းဈေးလမ်းကတ္တရာခင်းခြင်းလုပ်ငန်းများ၊ မြို့နယ်ရဲစခန်း ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုများကို ဇီးကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်သည် မြို့နယ်စည်ပင်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်အတူ အောက်တိုဘာ ၂၅ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

### သောက်သုံးရေရရှိရန် စိမ့်စမ်းရေသွယ်ယူရေးဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် ကျေးရွာများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းများကို သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဦးစီးဌာနရန်ပုံငွေကျပ် ၃၃၁ သန်းဖြင့် ဆောင်ကြဲကျေးရွာအုပ်စုမှ ရွာ ငါးရွာ၊ တွန်ကြိုင်းကျေးရွာအုပ်စုမှ နှစ်ရွာ၊ ပန်မိတ်ကျေးရွာအုပ်စုမှ ငါးရွာနှင့်၊ ပန်ဆင်ကျေးရွာအုပ်စုမှ တစ်ရွာ တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက မှုခင်းကျဆင်းရေးပညာပေးဟောပြော

**ကောလင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်းက ကြီးမှူး၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုပပျောက်ရေး ဟောပြောပွဲများကို ကောလင်းမြို့ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကောလင်းမြို့ အထကသဇင်ခန်းမဆောင်၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပသော ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးမြင့်က အမှာစကားပြောကြားပြီး အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုပပျောက်ရေးကို ဟောပြောသည်။

အောက်တိုဘာ ၃၀ ရက်ကလည်း ကောလင်းမြို့နယ် မင်းချမ်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)တွင် မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုပပျောက်ရေးဟောပြောပွဲကျင်းပခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လင်းက အမှာစကားပြောကြားကာ ရှုထောင့်သတင်းမီဒီယာ သတင်းထောက် ဦးအောင်ကျော်မိုးက မှုခင်းနှင့် ပြည်သူ့နီတိ၊ အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က ဒုစရိုက်မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။

**အောင်ကျော်စိုး(iprd)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(မုံရွာ)**

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လိုပါသည်။
(က) 11 KV Line (3)miles သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း
(ခ) Ground Tank အဝီစိတွင်းနှင့် Pump House တို့အား ဆောင်ရွက်လိုခြင်း
ရေသန့်လုပ်ငန်း ၄လက်မပိုက် ပေ ၂၅၀အရှည်ရှိ အဝီစိတွင်း Tube Well တစ်တွင်းတူးဖော်ခြင်း (ရေစုပ်စက်နှင့် ရေမော်တာ အပါအဝင်)
၂။ အထက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လိုသူ လုပ်ငန်းရှင်များသည် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၇-၁၁-၂၀၁၄ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
**တင်ဒါခေါ်ယူရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၇၁-၂၃၆၂၈**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်**
**ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်၊ သစ်တောဦးစီးဌာနမှ ကျွန်းပင်ကြပ်တိုင်(၁ ပေမှ ၁ပေ ၁၁လက်မအထိ) လေလံလပ်ပုံ(၃)ပုံ၊ စုစုပေါင်း (၃၂)လုံးအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်းလေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။
(က) **လေလံတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၄ရက်
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - ၁၀ နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်သစ်တောဦးစီးအရာရှိရုံး၊ ထီးလင်းမြို့။
၂။ လေလံစည်းကမ်း(၁)စုံလျှင်(၃၀၀ဝိ/)နှုန်းဖြင့် သစ်တောဦးစီးဌာန၊ ထီးလင်းမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ထီးလင်းမြို့နယ် ဖုန်း-၀၉-၄၀၁၅၃၀၉၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
**လေလံတင်ရောင်းချရေးအဖွဲ့**

**ထားဝယ်တက္ကသိုလ်၊ နည်းပြ/သရုပ်ပြရာထူးအတွက်**
**ရေးဖြေစာမေးပွဲကျင်းပမည့်အစီအစဉ်ကြေညာချက်**

| နေ့ရက် | ဖြေဆိုမည့်ဘာသာ | အချိန် |
|---|---|---|
| ၁၇-၁၁-၂၀၁၄ | မြန်မာစာ | နံနက်၈း၃၀နာရီမှ နံနက် ၁၀း၃၀နာရီအထိ |
| | အင်္ဂလိပ်စာ | မွန်းတည့် ၁၂း၀၀နာရီမှ မွန်းလွဲ၂း၀၀နာရီအထိ |
| | အထွေထွေဗဟုသုတ | ညနေ၃း၀၀နာရီမှ ညနေ ၅း၀၀ နာရီအထိ |

သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၂-၁၁-၂၀၁၄ရက်မှစ၍ ၁၄-၁၁-၂၀၁၄ ရက်အထိ ထားဝယ်တက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။
စုံစမ်းရန် ဖုန်း-၀၅၉-၂၁၁၅၂/၂၁၂၇၈/၂၂၁၅၈
**မော်ကွန်းထိန်း**
**ထားဝယ်တက္ကသိုလ်**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)**
**စက်ပစ္စည်းဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)တွင် အောက်ဖော်ပြပါ စက်ပစ္စည်း ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။
(1) 10HP Engine with JET Pump ၁ လုံး
(2) Motor with Pump (အီတလီ) 7.5 HP ၁ လုံး
(3) Pump MC 40/70 ၂ လုံး
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ ဘဏ္ဍာရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၁-၁၁-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။
**တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၉-၅၂၀၂၈၃၈၊ ၀၉-၄၉၀၀၁၂၁၁**
**ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၃-၁၁-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** -၇-၁၁-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** -၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# တောင်သာမြို့နယ် ရဲတပ်ဖွဲ့လုပ်ငန်းများ ဆွေးနွေး

**တောင်သာ နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၏ မှုခင်းအခြေအနေ၊ ထောက်ပံ့မှုစရိတ်၊ အသုံးစရိတ်များ၊ ဘာသာရေးပဋိပက္ခအခြေအနေ၊ မူးယစ်ဆေးဝါးဆိုင်ရာများ၊ နယ်ထိန်းအဖွဲ့၏ ရွာစဉ်လှည့်လည်မှု၊ ရဲစည်းကမ်းဆိုင်ရာ အရေးယူဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းသည် ရဲထောက်ချုပ် ရဲမှူးချုပ်သန်းတင့်အောင်၊ ရဲလေ့ကျင့်ရေး အရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်းတို့နှင့်အတူ တောင်သာမြို့မရဲစခန်း၌ အောက်တိုဘာ ၂၈ ရက်က မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲချုပ်နှင့်တာဝန်ရှိသူများသည် စခန်းဝင်းအတွင်းရှိ လိုင်းခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ခန်းမဆောင်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းက တောင်သာမြို့နယ်အတွင်း ရဲလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ရဲလေ့ကျင့်ရေးအရာရှိချုပ်က ရဲလုပ်ငန်းစဉ်များဆိုင်ရာ On Job Training များသင်ကြားပေးနေမှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာ အဆင့်မီရဲတပ်ဖွဲ့ဖြစ်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်မှု၊ ရဲကျင့်ဝတ်နှင့်အညီ ပြည်သူက အားကိုးသောရဲတပ်ဖွဲ့ဖြစ်အောင်ဆောင်ရွက်ရေး လေ့ကျင့်သင်ကြားပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရဲချုပ်နှင့်အဖွဲ့သည် တောင်သာမြို့မရဲစခန်း၏ ရဲလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ပြီးနောက် ဝတ်စုံပါလှည့်ကင်းစက်ဘီး ငါးစီး၊ ကွန်ပျူတာပရင်တာတစ်စုံ၊ MPT ဆင်းကတ် ၃၀၊ ဟန်းဆက် ၁၀ လုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ တောင်သာမြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်လင်းထွန်းက လက်ခံယူခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**



လူနာများအား တိုင်းဒေသကြီးဝန်ကြီး တွေ့ဆုံအားပေးစဉ်။

# နားလေးရောဂါတိုက်ဖျက်ရေးအဖွဲ့ မကွေးပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသပေး

**မကွေး နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ နာလေးရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဆေးကုသမှုများကို အောက်တိုဘာ ၃၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ နားလေးရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဆရာဝန်ဆရာမများက တိုင်းဒေသကြီးဆေးရုံတွင် ခွဲစိတ်ရန်လိုအပ်သောလူနာ ၂၀ အား အောက်တိုဘာ ၃၀ ရက်က ခွဲစိတ်ကုသပေးခဲ့ပြီး အာရုံကြောချို့ယွင်းသည့် နားလေးရောဂါဝေဒနာရှင် ၂၀၀ အား နားကြားကိရိယာ တပ်ဆင်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ မင်းဘူး၊ သရက်၊ ပခုက္ကူခရိုင်များတွင် နားရောဂါဝေဒနာရှင်များကို ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နားရောဂါကုသပေးမှုများကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း လာရောက်ကြည့်ရှုခဲ့ပြီး လူနာများအား တွေ့ဆုံအားပေးကာ ခွဲစိတ်ရန်မလိုသော လူနာများကို နားကြားကိရိယာတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဆေးရုံဝင်းအတွင်း ပြည့်စုံလျှံကုမ္ပဏီမှ ခွဲစိတ်ခန်းမကြီးတည်ဆောက်ခြင်း၊ ဆေးရုံအုပ်ကြီး ရုံးခန်းဆောက်လုပ်ခြင်းများဆောင်ရွက်ရန် မြေနေရာလျာထားမှုကို ကြည့်ရှုစစ်ဆေးပြီး အကွက်ချပုံစံနှင့် စနစ်တကျတည်ဆောက်ရေး၊ စံချိန်စံညွှန်းကိုက်ညီရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**သန်းနိုင်ဦး(ဇဖဲ)**

# ကျေးရွာချင်းဆက် ချောင်းကူးတံတားအသစ်တည်ဆောက်ရန်လိုအပ်နေ

**အင်းတော် နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အလယ်ဆိပ်ကျေးရွာအုပ်စု ပင်သချေကျေးရွာနှင့် အလယ်ဆိပ်ကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်ထားသည့် အရှည်ပေ ၆၀၀ ရှိ ကျေးရွာချင်းဆက် ချောင်းကူးတံတားမှာ ကြံ့ခိုင်မှုအားနည်းလျက်ရှိသောကြောင့် ကွန်ကရစ်အုတ်တိုင်သံပေါင်ခံ သစ်သားတံတား အသစ်တည်ဆောက်ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ အများစုက ဒီမဲဇာချောင်းကို အမှီပြုပြီး စိုက်ပျိုးရေးကိုလုပ်ကိုင်နေကြပါတယ်။ ချောင်းရေကြီးတဲ့အခါမျိုးမှာ ရေပြင်ကကျယ်လွန်းတော့ ချောင်းနဲ့မတူဘဲ မြစ်ရေပြင်လိုကျယ်ဝန်းနေတယ်။ ဒါကြောင့် တစ်ရွာနဲ့တစ်ရွာ သွားလာဖို့အတွက် အခုလို ချောင်းကူးတံတားအခိုင်အမာရှိဖို့ လိုအပ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

စက်တင်ဘာ ၁၈ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် အဆိုပါတံတားမှာ အလယ်ဆိပ်ကျေးရွာဘက်ကမ်းအနီး ရေအလယ်ပေ ၂၀၀ ခန့်မှာ ရေစီးနှင့်အတူ မျောပါခဲ့သဖြင့် ဒေသခံများမှာ ဆက်သွယ်သွားလာရေးတစ်လခန့် ပြတ်တောက်ကာ ကူးတို့လှေငယ်များကိုသာ အသုံးပြုပြီး သွားလာခဲ့ကြရသည်။

အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေရှိသော ရတုသုံးလီ ပင်သချေတံတားသည် မဲဇာချောင်းကို ဖြတ်သန်းကာ တည်ဆောက်ထားခြင်းဖြစ်ပြီး ပင်သချေဘုန်းတော်ကြီးကျောင်း ဆရာတော်အမှူးပြု၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံများနှင့် စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ၂၀၁၂ ခုနှစ်က ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"ဒီတံတားဟာ ကျေးရွာချင်းဆက်တံတားထက် မြို့နယ်ချင်းဆက်တံတားလို့ ပြောလို့လည်းရပါတယ်။ ကျွန်တော်တို့ အင်းတော်မြို့နယ်အတွင်း ကျေးရွာတွေကနေ ဝန်းသိုမြို့နယ်နဲ့ ဗန်းမောက်မြို့နယ်ထဲက ကျေးရွာတွေက ဟော့ဒီပင်သချေကျေးရွာက ရတုသုံးလီတံတားကို အမှီပြုသွားလာနေကြရတာပါ" ဟု တံတားဖြစ်မြောက်ရေး အဖွဲ့ဝင် ဦးကျော်ဆွေက ပြောသည်။

စက်တင်ဘာလအတွင်းက ရွာသွန်းခဲ့သောမိုးကြောင့် ပျက်စီးသွားသောတံတားကို တစ်လခန့်အကြာတွင် ပြန်လည်၍ ပြုပြင်တည်ဆောက်ခဲ့သော်လည်း တံတားမှာ ကြံ့ခိုင်မှုအားနည်းနေသောကြောင့် ထပ်မံ၍ အသစ် ပြန်လည်တည်ဆောက်ရန် ပင်သချေဆရာတော် အပါအဝင် ဆရာတော်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ရာသီမရွေးသွားလာနိုင်ရန် ကြံ့ခိုင်မှုရှိသော တံတားအဖြစ် ကွန်ကရစ်ရေလယ်တိုင် လေးတိုင်၊ သံပေါင်ရက်မခံ သစ်သားကြမ်းခင်းတံတားအဖြစ် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေရှိသော ကုန်သုံးတန်၊ ယာဉ်သုံးတန်ခံနိုင်ရည်ရှိသော မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည့်တံတားတစ်စင်းကို အသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး(မော်လူး)**

# မိုင်းခုတ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းခုတ် နိုဝင်ဘာ ၂**

မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ်ခွဲရှိ ဝမ်ကောင်းကျေးရွာနှင့် ပါမူကျေးရွာချင်းဆက် မြေသားလမ်းအရှည် သုံးမိုင်၊ အကျယ် ပေ ၂၀ ဖောက်လုပ်ရန်အတွက် နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ်သိန်း ၃၆၀ နှင့် ပါမူချောင်းကူးတံတား အရှည် ပေ ၂၀ တည်ဆောက်ရန် နောက်ဆက်တွဲရန်ပုံငွေကျပ်သိန်း ၂၀၀ ကို ခွင့်ပြုချထားပေးခဲ့ပြီး အဆိုပါ မြေသားလမ်းကို အရှေ့ဘက်ကျိုင်းတုံကုမ္ပဏီက တာဝန်ယူဖောက်လုပ်ဆောင်ရွက်နေမှု၊ ပါမူချောင်းကူး တံတားတည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မိုင်းဆတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၃၀ ရက်က သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူတို့အား တွေ့ဆုံအားပေးစကားပြောကြားသည်။ ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မိုင်းခုတ်-ကျိုင်းတုံလမ်းပိုင်းတွင် ကတ္တရာလမ်း ငါးမိုင်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုင်းခုတ်-မိုင်းဆတ်လမ်းပိုင်း သဲတောင်နေရာတွင် ကတ္တရာလမ်း ၁ ဒသမ ၁ မိုင်ခင်းရန် ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(iprd)**

## လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော ဂိုဒေါင်နှင့်စက်မှုလက်မှုမြေကွက်များနှင့်သက်ဆိုင်သည့် ကြေညာချက်

**အောက်တိုဘာ ၃၁ရက်**

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်(၂၉)ဇုန်အတွင်းမှ စက်မှုလက်မှုမြေကွက်လွတ်ပေါင်း ၂၃၃၉ကွက်နှင့် လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော ဂိုဒေါင်ပေါင်း ၁၂၉၉လုံး၊ ဧရိယာအားဖြင့် ၄၄၁၈ဧကကျော်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ မြေကွက်ပိုင်ဆိုင်ထားကြသူများမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ စက်မှုလက်မှုလုပ်ငန်းအတွက်မြေအသုံးပြုခွင့်အမိန့်ကို ထုတ်ယူစဉ်က အသုံးပြုခွင့်ရသောမြေကွက်တွင် ရရှိပြီးသည့်ရက်မှ (၃)လအတွင်း အဆောက်အအုံစတင်ဆောက်လုပ်အသုံးပြုရမည်ဟုလည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်း အသုံးပြုခွင့်ရသူသည် သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာရန်ပျက်ကွက်ပါက ခွင့်ပြုထားသောမြေကွက်ကို ဆောက်လုပ်ထားသောအဆောက်အအုံနှင့်တကွ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်သိမ်းယူနိုင်ခွင့်ရှိသည်ဟုလည်းကောင်း စည်းကမ်းချက်များကို သဘောတူညီလက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ ထိုသို့လက်မှတ်ရေးထိုးခဲ့သော်လည်း ပိုင်ဆိုင်ခွင့်ရရှိသည့်အချိန်မှစ၍ ယနေ့အချိန်အထိ စက်မှုလက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများဖော်ဆောင်ရာတွင် အဟန့်အတားတစ်ရပ်ဖြစ်နေသည့်အပြင် စက်မှုဇုန်မြေဈေးမြင့်တက်မှုများလည်းဖြစ်ပေါ်နေပါသည်။

၃။ အထက်ဖော်ပြပါလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော ဂိုဒေါင်နှင့်စက်မှုလက်မှုမြေကွက်များကို ပိုင်ဆိုင်သူများအနေဖြင့် မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား၊ တည်ဆောက်ရေးကာလ၊ စီးပွားဖြစ်စတင်လည်ပတ်မည့်ရက်၊ ဘဏ္ဍာငွေကြေးရင်းနှီးမြှုပ်နှံမှုရရှိမှုအရင်းအမြစ်အချက်အလက်များ ပြည့်စုံစွာပါဝင်သည့် Detail Business Plan ကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ရက် နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး)သို့ ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၄။ အဆိုပါ Detail Business Plan များကိုရန်ကုန်တိုင်းဒေသကြီးစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီက စိစစ်အတည်ပြုပြီးပါက ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁ရက်ထက် နောက်မကျစေဘဲ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

